# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၄) ရက်၊ သောကြာနေ့ ၊ (21-7-2023) ၊ အတွဲ (၃၂)၊ အမှတ် (၀၈၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်(ဓမ္မစကြာနေ့)တွင် ကျင်းပမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနားများအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်(ဓမ္မစကြာနေ့)တွင် ကျင်းပမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနားများအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၀**

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဧရာမအမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့် (ဓမ္မစကြာနေ့) ခရစ်နှစ် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနားကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်ရှိ ယာယီရှင်းလင်းဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊

စာမျက်နှာ ၁၆ ကော်လံ ၁ သို့


**Sky Cable Car**ကိုဖွင့်လှစ်ပြီးဖြစ်တဲ့အတွက် **Sky Cable Car** စီးနင်းရင်း ပြင်ဦးလွင် ပန်းမြို့တော် ၏ သဘာဝပတ်ဝန်းကျင်အလှများကို ကြည့်ရှုခံစားနိုင်ပြီဖြစ်ပါသည်၊

**ပွဲကောက်ရေတံခွန်**
**(B E.FALLS)**
**အပန်းဖြေစခန်း**








ရတနာပုံ
၂၀၂၃ ခုနှစ် ဇူလိုင် ၂၁ ရက်
အယ်ဒီတာ့အာဘော်

# ဆင်ခြင်မပျက် လူမှုကွန်ရက်

ယခုနှစ်များအတွင်း လူမှုကွန်ရက် အသုံးပြုသူ အများအပြားရှိလာသည်ကို တွေ့ရသည်။ လူတိုင်းကိုယ်စီ ဟန်းဖုန်းများအသုံးပြုလာနိုင်ခြင်း၊ နည်းပညာရပ်များနှင့် ထိတွေ့ကျွမ်းဝင်မှုရှိလာခြင်းတို့ကြောင့် အဆိုပါဟန်းဖုန်းများမှတစ်ဆင့် လူမှုကွန်ရက်ကို အသုံးပြုမှုများလာခြင်းဖြစ်ကြောင်းလည်း သိနိုင်သည်။

လူမှုကွန်ရက်ကို အသုံးပြုကြရာတွင် လူတန်းစားအမျိုးမျိုး၊ လူ့စရိုက်အမျိုးမျိုးနှင့် အသုံးပြုပုံအမျိုးမျိုးရှိကြရာ အပျော်တမ်းအသုံးပြုကြသူများ၊ ကျယ်ဝန်းသောလူမှုဆက်ဆံရေးနယ်ပယ်အဖြစ် အသုံးပြုသူများ၊ ထိရောက်လျင်မြန်သော သတင်းစကားဖလှယ်ရာနေရာအဖြစ် အသုံးပြုသူများနှင့် ပညာရပ်တစ်ခုကို လေ့လာလိုက်စားလို၍ အသုံးပြုသူများဟူ၍ ခွဲခြားနိုင်သလို အဆိုပါအသုံးပြုသူများနှင့် ကွဲလွဲစွာ လူမှုကွန်ရက်စာမျက်နှာကို အဖျက်အမှောင့်လုပ်ရပ်များအတွက် လှုံ့ဆော်ရာနေရာအဖြစ် အသုံးပြုနေမှုများလည်းရှိနေကြောင်း တွေ့ရသည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိရာတွင် ရိုးသား၍ အေးချမ်းစွာနေထိုင်လိုသော ပြည်သူများအတွက် အနှောင့်အယှက်ဖြစ်ခြင်း၊ ထင်ယောင်ထင်မှားဖြစ်ခြင်းများနှင့် စိတ်ပူပင်ရခြင်းများဖြစ်ပေါ်လာစေနိုင်သည်ကိုလည်း တွေ့ရသည်။

လူမှုကွန်ရက်ကို အသုံးပြုကြရာတွင် ဖျော်ဖြေရေးအဖြစ် ခံစားကြည့်ရှုခြင်း၊ မိမိစိတ်ဝင်စားရာဘာသာရပ်အလိုက် ပညာရပ်များရှာဖွေလေ့လာခြင်း၊ ကျယ်ဝန်းသောလူမှုဆက်ဆံရေးနယ်ပယ်အဖြစ်အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်ပြီး ထိုသို့ကျင့်သုံးဆောင်ရွက်မှုက မိမိအတွက်သာမက နိုင်ငံတော်အတွက်ပါ ကျေးဇူးပြုနိုင်မည်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ယနေ့အချိန်သည် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှု ပိုမိုရရှိရန်ဆောင်ရွက်နေသည်ကို တွေ့နိုင်သလို ပြည်သူတစ်ရပ်လုံးက အေးချမ်းစွာ နေထိုင်ရှင်သန်၍ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို စိတ်ချလက်ချလုပ်ကိုင်ဆောင်ရွက်ရန် လိုလားကြသည်ကိုလည်း တွေ့နိုင်သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများဆောင်ရွက်ခြင်း၊ ထိုသို့ဆောင်ရွက်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူမှုများပြုလုပ်လျက်ရှိသည်ကိုလည်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားသည်ကို ဖတ်ရှုသိရှိကြရသည်။

သို့ဖြစ်ပေရာ လူမှုကွန်ရက် အသုံးပြုတော့မည်ဆိုလျှင် အကျိုးရှိ၊ အကျိုးမဲ့ကို အမြဲမပြတ် ဆင်ခြင်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို မပြုလုပ်ရန်နှင့် အဆိုပါလုပ်ဆောင်ချက်များကို ထပ်ဆင့်မျှဝေခြင်း မပြုလုပ်ရန် လိုအပ်သည်။ လူမှုကွန်ရက်ကိုအသုံးပြုရာတွင် မိမိတို့လူမှုဘဝအတွက် လက်တွေ့အကျိုးရှိမည့် အကြောင်းအရာများ စူးစမ်းလေ့လာခြင်း၊ ကျယ်ဝန်းသောလူမှုဆက်ဆံရေးနယ်ပယ်အဖြစ် အသုံးပြုခြင်း၊ သိမှတ်ဖွယ်ရာများကို ရှာဖွေမှတ်သားခြင်းတို့သည် မိမိဘဝတစ်လျှောက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းနိုင်မည်ဖြစ်ပါကြောင်း အကြံပြုတိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့တွင်း ဆီဘောက်ဆာယာဉ်များ စည်းကမ်းဖောက်ဖျက်မှုရှိ၊ မရှိ ဇူလိုင်လ နောက်ဆုံးပတ်မှစ၍ စစ်ဆေးအရေးယူမည်

**မန္တလေး ဇူလိုင် ၂၀**

မန္တလေးမြို့တွင်း ဆီဘောက်ဆာယာဉ်များ စည်းကမ်းဖောက်ဖျက်မှု ရှိ၊ မရှိကို ဇူလိုင်လ နောက်ဆုံးပတ်မှစ၍ စစ်ဆေးအရေးယူမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

ရွှေကြက်ယက်ဆိပ်ကမ်းရှိ ဆီတင်သင်္ဘောများမှ စက်သုံးဆီများကို ဆီဘောက်ဆာယာဉ်များဖြင့် သယ်ယူပြီး မန္တလေးမြို့တွင်း ဖြန့်ဖြူးနေမှုများရှိကြောင်း၊ ၎င်းစက်သုံးဆီသယ်ယူပို့ဆောင်ပေးနေသည့်ဆီဘောက်ဆာယာဉ်များအနေဖြင့် မန္တလေးစည်ပင်နယ်နိမိတ် မြို့နယ် ခြောက်မြို့နယ်ဖြစ်သည့် အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အမရပူရမြို့နယ်အတွင်း တင်ဆောင်သွားလာရာတွင် သတ်မှတ်စည်းကမ်းများ ဖောက်ဖျက်မှု ရှိ၊ မရှိကို ဇူလိုင်လ နောက်ဆုံးပတ်မှစ၍ စစ်ဆေးအရေးယူမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးမြို့စည်ပင်နယ်နိမိတ်မြို့နယ် ခြောက်မြို့နယ်အတွင်း စက်သုံးဆီတွေကို တင်ဆောင်ပြီး သွားလာနေတဲ့ ဆီဘောက်ဆာယာဉ်တွေအနေနဲ့ ယာဉ်ကြောပိတ်ဆို့မှုဖြစ်အောင် ရပ်နားတာတွေ၊ ယာဉ်နှစ်ထပ်ရပ် နားထားတာတွေ အပြင် လမ်းပိတ်ဆို့ရပ်နားတာတွေ စတဲ့စည်းကမ်း ဖောက်ဖျက်မှုတွေကို စစ်ဆေးအရေးယူသွားမှာပါ"ဟု ဦးရဲထွန်းက ပြောပြသည်။

ထိုသို့စစ်ဆေးရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊အခွန်ဌာန၊ စည်ပင်သာယာရဲတပ်ဖွဲ့ စသည့်ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးသွားမည်ဖြစ်ပြီး စည်းကမ်းဖောက်ဖျက်မှုများကို တွေ့ရှိပါက ဒဏ်ကြေးငွေကျပ် ၅၀၀၀၀ ဒဏ်ရိုက် အရေးယူသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# ရာသီကုန်ချိန်ရောက်ရှိနေသည့် ရင်ကွဲသရက်သီးများ တရုတ်နိုင်ငံဈေးကွက်သို့တင်ပို့ရောင်းချရာ ဈေးကောင်းရရှိနေ



**မန္တလေး ဇူလိုင် ၂၀**

ယခုနှစ်တွင် ရာသီကုန်ချိန်ရောက်ရှိနေသည့် ရင်ကွဲသရက်သီးများ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ဈေးကောင်းရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မြေပြန့်ပိုင်း၌ ရင်ကွဲသရက်သီးများသည် ရာသီကုန်ချိန် ရောက်ရှိနေပြီး အနည်းငယ်သာ ကျန်ရှိတော့ကြောင်း၊ ရှမ်းပြည်နယ်မှ ထွက်ရှိသည့် အသီးများသာရှိတော့ကြောင်း၊ တရုတ်နိုင်ငံဈေးကွက်သို့ ရင်ကွဲသရက်သီးများ တင်ပို့ရောင်းချရာတွင် ဈေးနှုန်းများမှာ ၁၆ ကီလိုဂရမ်တစ်ခြင်းလျှင် အရည်အသွေးအလိုက် တရုတ်ငွေ ယွမ် ၆၀ မှ ၈၀ ထိ ရောင်းချနေရသည့်အတွက် ဈေးကောင်း ရရှိနေကြောင်း သိရသည်။

"တရုတ်နိုင်ငံ ဈေးကွက်ကို လက်ကျန် ရင်ကွဲသရက်သီးတွေ တင်ပို့ရောင်းချနေကြပါတယ်။ ရာသီကုန်ချိန် ရောက်ရှိနေတော့ ဈေးကောင်းရရှိနေပါတယ်။ ကျန်တဲ့ သရက်သီးတွေက မရှိတော့ပါဘူး။ ရင်ကွဲသီးပဲ အနည်းငယ်ကျန်ပါတော့တယ်။ တရုတ်နိုင်ငံဈေးကွက်ကိုတင်ပို့နေတာဆိုရင် တစ်ရက်ကို ၁၂ ဘီးကား ငါးစီးကနေ ၁၀ စီးထိ တင်ပို့နေပါတယ်။ ဒီနှစ်မှာ သရက်က အဝယ်သွက်ပါတယ်။ အရည်အသွေးကောင်းရင်တော့ ဈေးကောင်းရပါတယ်"ဟု အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြသည်။

တရုတ်နိုင်ငံဈေးကွက်သို့ စိန်တလုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ ပတ္တမြားငမောက်၊ မယ်သီသရက်သီးတို့ကို တင်ပို့ရောင်းချလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍သိရသည်။ (၁၈၅)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဇူလိုင် ၂၀**

မန္တလေး ဆိုင်ကယ်ဈေးကွက်အတွင်း ယခင်ပတ်များက အရောင်းအဝယ်အေးခဲ့သော်လည်း ယခုအခါ ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ်နိုင်ငံထုတ် နောက်ဆုံးမော်ဒယ်ဘီးများ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၁၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

တစ်ပတ်ရစ်ဈေးကွက်၌ အော်တိုဂီယာ တရုတ်ဘီးများနှင့် Click၊ FZဘီး များ ရောင်းချလိုမှု များနေပြီး ဘီးကြောကောင်းမွန်မှုနှင့် ဈေးနှုန်းအသင့်အတင့် ဘီးများသာ ဝယ်ယူမှုရှိနေကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ အခြားဘီးများမှာ ငွေကျပ် ၂၈ သိန်းမှ ၃၅ သိန်းခန့်၊ နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့် ဈေးရှိကြောင်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/ 125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှသိရသည်။

ယခုတစ်ပတ် မန္တလေးကားဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်ရှိနေခဲ့သည့် မီနီထရပ် (ခွေးဘီလူး)ကားများ အရောင်းအဝယ်အေးသွားပြီး နံပါတ်ထွက်ပြီးသည့် ဖရီးပါမစ်ကားများတွင် ငွေကျပ် သိန်း ၄၀ ခန့်ထိ ဈေးရှိကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

၆၆၀ စီစီ ပစ်ကပ်မီနီထရပ် (ခွေးဘီလူး) ကားများအနက် ဟိုက်ဂျက်Auto ငွေကျပ် သိန်း ၁၆၀ ခန့်၊ Manual ငွေကျပ် ၁၄၅ သိန်းခန့် ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၁၀ ခန့်၊ Auto ငွေကျပ် ၁၃၅ သိန်း ခန့်ဖြင့် အရောင်းအဝယ် ရှိနေကြောင်း၊ ထို့ပြင် ဖရီးပါမစ်ကားများဖြစ်သည့် Honda Fit၊ Honda Insight၊ Nissan March၊ Mazda Demio ကားလေးများ အရောင်းအဝယ်အနည်းငယ်ဖြစ်နေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက်စလစ်ငွေကျပ် သိန်း ၁၄၀၊ စလစ်အပ်ကား ငွေကျပ်သိန်း ၁၂၀၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၂၀ ခန့်တွင်ရှိကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဒက္ခိဏသီရိမြို့နယ် ဆည်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေး

**နေပြည်တော် ဇူလိုင် ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကူနစ်လုံးဆည်စုကျေးရွာအုပ်စု ဆည်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမျိုးနှင့် ဒက္ခိဏသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးဇော်ဝိတ်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးတင့်နှင့် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်တို့က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ပြောကြားပြီး ညွှန်ကြားရေးမှူး ဦးမျိုးမျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၃ ဒသမ ၈၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆည်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၃ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃ ဒသမ ၈၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင်ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာနေ ဦးစောနည်ပွား-ဒေါ်ရွှေဦး၊ ဝေယျာထွန်း၊ တေဇာထွန်း၊ ကောင်းပြည့်ကျော်၊ ဖြိုးသန္တာထွန်းမိသားစုက ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# လပွတ္တာမြို့နယ်တွင် ငါးသလောက်တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀၀ ထိ ဈေးကောင်းရရှိ



**လပွတ္တာ ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ငါးသလောက် တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ပြီးခဲ့သည့် ၄နှစ်လက ငါးသလောက် တစ်ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ ထိသာ ဈေးရရှိခဲ့ပြီး ဇူလိုင် ၁ ရက်မှ ယနေ့ထိ ငါးသလောက် တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ လပွတ္တာမြို့နယ်မှ ငါးသလောက်များကို အနယ်နယ်အရပ်ရပ်က ဝယ်ယူမှု ကောင်းနေခြင်းကြောင့် ဈေးကောင်း ရရှိလာခြင်းဖြစ်ကြောင်း သိရသည်။

"အခု ငါးသလောက်က လတ်ဆတ်မှုနဲ့ အရွယ်အစား ၁၀ ကျပ်သားကောင်ကနေ ၂၀ ကျပ်သားထိ တစ်ပိဿာကို ငွေကျပ် ၁၈၅၀၀ ဈေးပေါက်နေပါတယ်။ ၂၀ ကျပ်သားနဲ့ အထက်တွေက တစ်ပိဿာကိုငွေကျပ် ၅၈၀၀၀ ထိ ဈေးပေါက်နေပါတယ်။ အရွယ်အစားပေါ်မူတည်ပြီး ဈေးကပြောင်းလဲသွားပါတယ်။ ငါးသလောက်ကို အဝယ်လိုက်နေတာကြောင့် ဈေးကောင်းရရှိနေတာဖြစ်ပါတယ်။ အခု ငါးသလောက်တွေက ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေပါတယ်။ အခုလိုဈေးကောင်းရတော့ ရေလုပ်သားတွေ အဆင်ပြေပါတယ်။ နောက်ပြီး ပြည်ပဈေးကွက်ရှိလာရင် အခုထက် ငါးသလောက်ဈေးက ပိုမိုကောင်းလာဖို့ရှိပါတယ်"ဟု လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ထွက်ရှိသည့် ငါးသလောက်များကို ဒေသဈေးကွက်အပြင် ရန်ကုန်နှင့် နေပြည်တော်ဈေးကွက်သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးသလောက်များ ဈေးကောင်းသော်လည်း ရောင်းအားလျော့ကျခြင်းမရှိဘဲ ငါးသလောက် ပိဿာချိန် ၅၀၀ မှ ၁၀၀၀ ထိ နေ့စဉ်တင်ပို့ရောင်းချနေရကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# နမ္မတူမြို့နယ် နားကဲ့ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**နမ္မတူ ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားကဲ့ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်၊ နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းနှင့် တာဝန်ခံအင်ဂျင်နီယာများက နားကဲ့ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးအလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နားကဲ့ကျေးရွာ၌ လမ်းအရှည်တစ်မိုင် ခြောက်ဖာလုံ၊ အကျယ် ၁၈ ပေ၊ မြေသားတစ်ပေ၊ သဲဖြုန်းကိုးလက်မခင်းခြင်းနှင့် ၄င်းလမ်းပေါ်၌ အရှည်ပေ ၂၀၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်ပေရှိ ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉၂ ဒသမ ၆၁ သန်းဖြင့် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၃၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက နားကဲ့ကျေးရွာရှိ တောင်သူများ၏ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းထံမှ သိရသည်။ **အောင်ရဲကျော်**

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ဧက ၄၆၃၆၀ စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ဧက ၄၆၃၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံလျာထား ၅၆၇၅၇ ဧကကို ယခုနှစ် မေလကုန်ပိုင်းက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲမျိုးစုံစိုက်ဧကမှာ ပဲတီစိမ်းဧက ၄၁၆၈၀၊ ပဲစင်းငုံ ၂၄၅၁ ဧကနှင့် အခြားပဲ ၂၂၂၉ ဧက စုစုပေါင်းဧက ၄၆၃၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် စိုက်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်အတွင်း အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံလျာထား ၅၆၇၅၇ ဧကကို အခုနှစ် မေလကုန်ပိုင်းက စတင်စိုက်ပျိုးခဲ့တာ ဒီနေ့ထိ ပဲမျိုးစုံဧက ၄၆၃၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်တယ်။ ပဲမျိုးစုံလျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ တောင်သူတွေအနေနဲ့ကလဲ မိုးရွာသွန်းတဲ့အပေါ် မူတည်ပြီး စိုက်ပျိုးနေကြပါတယ်။ တောင်သူတွေ စနစ်တကျစိုက်ပျိုးနိုင်ဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့အတွက်လဲ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးထားပါတယ်။ ရေမြေရာသီဥတုနဲ့ ကိုက်ညီတဲ့သီးနှံတွေကို အဓိကဦးစားပေးပြီး စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးပါတယ်။ ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ပြည်ပတင်ပို့တဲ့အခါမှာလဲ ဈေးကောင်းရရှိတဲ့သီးနှံတွေဖြစ်ပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ်ပဲမျိုးစုံစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၈၅)



# နိုင်ငံတကာ သတင်းများ

## အိန္ဒိယမြောက်ပိုင်း၌ လျှပ်စစ်ထရန်စဖော်မာ ပေါက်ကွဲမှုဖြစ်ပွား ၁၅ ဦးဓာတ်လိုက်သေဆုံး

**ဒေလီ ဇူလိုင် ၂၀**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်းပြည်နယ် ရေဆိုးသန့်စင်ရုံတစ်ရုံအနီး၌ ဇူလိုင် ၁၉ ရက်က လျှပ်စစ်ထရန်စဖော်မာ တစ်လုံး ပေါက်ကွဲခဲ့ရာ ရဲတပ်ဖွဲ့ဝင်ခြောက်ဦး အပါအဝင် လူပေါင်း ၁၅ ဦးသေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

လျှပ်စစ်ထရန်စဖော်မာ ပေါက်ကွဲမှုကြောင့်လူပေါင်း ၁၅ ဦးဓာတ်လိုက်သေဆုံးခဲ့ရပြီး အများအပြားလည်း ဒဏ်ရာများရခဲ့ကြောင်း ဥတ္တရာခန်းပြည်နယ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လျှပ်စစ်ထရန်စဖော်မာပေါက်ကွဲမှုဖြစ်ပွားရခြင်း၏အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် ဥတ္တရာခန်းပြည်နယ်ဝန်ကြီးချုပ် ဆင်းဒါမီးက သက်ဆိုင်ရာ တာဝန်ရှိသူများကို ညွှန်ကြားထားသည်။

အိန္ဒိယမြောက်ပိုင်းရှိမြစ်ကြောင်းများ မုတ်သုံမိုးကြောင့် ရေတိုးလာချိန်တွင် ရေဆိုးသန့်စင်စက်ရုံ လျှပ်စစ်ထရန်စဖော်မာပေါက်ကွဲမှု ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

ပြီးခဲ့သည့်ရက်သတ္တ သုံးပတ်အတွင်း အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ မုတ်သုံရာသီ ရေဘေးများကြောင့် လူပေါင်း ၁၀၀ကျော် သေဆုံးခဲ့ရသည်။

အသေးစိတ် စစ်ဆေးမှုများ ပြုလုပ်ပြီးချိန်မှသာ လျှပ်စစ်ထရန်စဖော်မာပေါက်ကွဲမှုမည်သို့ဖြစ်ပွားခဲ့ရသည်ကို ရှင်းရှင်းလင်းလင်းသိရှိရမည်ဖြစ်ကြောင်း ဥတ္တရာခန်းပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။ KKO

## နယူးဇီလန်၌ အမျိုးသမီးကမ္ဘာ့ဖလားပွဲမစတင်မီ သေနတ်ပစ်ခတ်မှုဖြစ်ပွား သုံးဦးသေဆုံး

**အော့ကလန် ဇူလိုင် ၂၀**

နယူးဇီလန်နိုင်ငံ၏ အကြီးဆုံးမြို့တော်ဖြစ်သည့် အော့ကလန်မြို့၌ ယနေ့တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူနှစ်ဦးနှင့် ပစ်ခတ်မှုကျူးလွန်သူတို့သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အော့ကလန်မြို့၌ အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်မကျင်းပမီ နာရီအနည်းငယ်အလိုတွင် အဆိုပါသေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသေနတ်ပစ်ခတ်မှုအတွင်း လူပေါင်းငါးဦးလည်းဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့သော်လည်း အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအဖွင့်ပွဲစဉ်ကို စီစဉ်ထားသည့်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ခရစ်ဟစ်ကင်းစ်က ပြောကြားခဲ့သည်။

ယနေ့ သေနတ်ပစ်ခတ်မှုကို လူတစ်ဦးတည်းတစ်ယောက်တည်း၏လုပ်ရပ်အဖြစ် မိမိတို့ယူဆထားပြီး ယင်းဖြစ်စဉ်၌ ပါဝင်ပတ်သက်နေသူများရှိ၊ မရှိ စုံစမ်းမည်မဟုတ်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ပစ်ခတ်မှုကျူးလွန်သူမှာ ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ အလုပ်လုပ်ခဲ့သော အသက် ၂၄ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ကြောင်း သိရသည်။

KKO



## တရုတ်သမ္မတရှီကျင့်ဖျင် အမေရိကန်ဝါရင့်သံတမန် ဟင်နရီကစ်ဆင်းဂျားနှင့်တွေ့ဆုံ



**ပေကျင်း ဇူလိုင် ၂၀**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အမေရိကန် ဝါရင့်သံတမန် ဟင်နရီကစ်ဆင်းဂျားကို ယနေ့တွင် ပေကျင်းမြို့၌ လက်ခံတွေ့ဆုံခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဟင်နရီကစ်ဆင်းဂျားတို့သည် ပေကျင်းမြို့ တောက်ယုတိုင်နိုင်ငံတော်ဧည့်ဂေဟာ၌တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်နှင့်အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးအခြေအနေမှာ လမ်းဆုံလမ်းခွပေါ်သို့ တစ်ဖန်ပြန်လည်ရောက်ရှိနေသည်ဖြစ်ရာ နှစ်ဖက်စလုံးအနေဖြင့် ရွေးချယ်မှုတစ်ရပ်ပြုလုပ်ရန် လိုအပ်နေပြီဖြစ်ကြောင်း ကစ်ဆင်းဂျားနှင့်တွေ့ဆုံစဉ် တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

ထို့ပြင် မိမိတို့အနေဖြင့် ဟင်နရီကစ်ဆင်းဂျားကဲ့သို့ မိတ်ဆွေဟောင်းမျိုးကို မည်သည့်အခါတွင်မျှ မေ့ပျောက်မည်မဟုတ်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ရစ်ချက်နစ်ဆင်နှင့် ဂျရယ်ဖို့ဒ်တို့လက်ထက်တွင် နိုင်ငံခြားရေးဝန်ကြီးတာဝန်နှင့် အမျိုးသားလုံခြုံရေးအကြံပေးတာဝန်များရယူခဲ့သော ကစ်ဆင်းဂျားသည် ၁၉၇၀ ပြည့်နှစ်များအတွင်း တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြား ပုံမှန်ဆက်ဆံရေးထားရှိနိုင်ရန် ကြိုးပမ်းခဲ့သူဖြစ်သည်။

အသက် ၁၀၀ ရှိ ဟင်နရီကစ်ဆင်းဂျားသည် တရုတ်နိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း တရုတ်ထိပ်တန်းသံတမန် ဝမ်ယိ၊ တရုတ်ကာကွယ်ရေးဝန်ကြီး လီရှန်ဖူးတို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

KKO

## ယူကရိန်းပင်လယ်နက်ဆိပ်ကမ်းများသို့ ဝင်ရောက်မည့်သင်္ဘောများကို စစ်လက်နက်ပစ္စည်းသယ်လာနိုင်ဖွယ်ရှိသည့်သင်္ဘောများအဖြစ် ရုရှားသတ်မှတ်မည်

**မော်စကို ဇူလိုင် ၂၀**



ယူကရိန်းနိုင်ငံ ပင်လယ်နက်ဆိပ်ကမ်းများသို့ ဝင်ရောက်မည့်သင်္ဘောအားလုံးကို စစ်လက်နက်ပစ္စည်း သယ်လာနိုင်ဖွယ်ရှိသည့်သင်္ဘောများအဖြစ် ရုရှားနိုင်ငံက မှတ်ယူမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဇူလိုင် ၁၉ ရက်တွင် ဖော်ပြခဲ့သည်။

ယူကရိန်းပင်လယ်နက်ဆိပ်ကမ်းများသို့ ဝင်ရောက်မည့်သင်္ဘောမှန်သမျှကို စစ်လက်နက်ပစ္စည်းများ သယ်ယူလာနိုင်ဖွယ်ရှိသောသင်္ဘောများအဖြစ် မှတ်ယူမည်ဖြစ်ပြီး ယင်းသင်္ဘောများ မှတ်ပုံတင်ထားရာ နိုင်ငံများကိုလည်း ယူကရိန်းဘက်တွင်ရှိသည့် နိုင်ငံများအဖြစ်မှတ်ယူမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၁၉ ရက်တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

ပင်လယ်နက် ဆိပ်ကမ်းများမှတစ်ဆင့် ယူကရိန်းကောက်ပဲသီးနှံများ ဈေးကွက်တင်ပို့ရေးဆိုင်ရာ သဘောတူညီချက် သက်တမ်းကုန်ဆုံးပြီးနောက် ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုပါကြေညာချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

ကုလသမဂ္ဂနှင့် တူရကီတို့၏ ကြားဝင်မှုဖြင့် ပြီးခဲ့သည့်နှစ်အတွင်း ရုရှားနှင့် ယူကရိန်းတို့ရယူခဲ့သော ပင်လယ်နက်ကောက်ပဲသီးနှံသဘောတူညီချက်မှာ သက်တမ်းထပ်တိုးပေးရန် ရုရှားနိုင်ငံက ငြင်းပယ်ထားမှုကြောင့် ဇူလိုင် ၁၇ ရက်မှာပင် သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်သည်။

ပင်လယ်နက် ကောက်ပဲသီးနှံသဘောတူညီချက် သက်တမ်းကုန်ဆုံးမှုနှင့်အတူယနေ့မှစ၍ ယူကရိန်းပင်လယ်နက်ဆိပ်ကမ်းများသို့ ဝင်ရောက်မည့် သင်္ဘောအားလုံးကို စစ်လက်နက် သယ်ဆောင်လာနိုင်ဖွယ်ရှိသော သင်္ဘောများအဖြစ် သဘောထားမည်ဖြစ်ကြောင်းရုရှားကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

ထို့ပြင် ပင်လယ်နက်ဒေသနိုင်ငံတကာရေလမ်းကြောင်းများ၏ အရှေ့တောင်ပိုင်းနှင့် အနောက်မြောက်ပိုင်းရေပြင်များကို ယာယီအားဖြင့် ရေကြောင်းခရီးသွားရန် ဘေးကင်းလုံခြုံမှုမရှိသော နေရာများအဖြစ် ရုရှားနိုင်ငံကကြေညာထားကြောင်း သိရသည်။

KKO

## ဘာလင်မြို့ အနောက်တောင်ပိုင်းတွင် ခြင်္သေ့တစ်ကောင်လွတ်မြောက်နေမှုကြောင့် ပြည်သူများ နေအိမ်တွင်း၌နေထိုင်ကြရန် ဂျာမနီရဲတပ်ဖွဲ့ သတိပေးချက်ထုတ်ပြန်

**ဘာလင် ဇူလိုင် ၂၀**

ဂျာမနီနိုင်ငံ ဘာလင်မြို့အနောက်တောင်ပိုင်း၌ ခြင်္သေ့တစ်ကောင် လွတ်မြောက်နေမှုကြောင့် အများပြည်သူများ နေအိမ်တွင်းမှာပင် နေထိုင်ကြရန် ဂျာမနီရဲတပ်ဖွဲ့က ယနေ့တွင် သတိပေးချက်ထုတ်ပြန်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လွတ်မြောက်နေသည့် ခြင်္သေ့ကိုဂျာမနီရဲတပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ဇူလိုင် ၁၉ ရက်မှစ၍ ရှာဖွေနေပြီး ယနေ့တွင်လည်း ဆက်လက်ရှာဖွေနေကြရဆဲဖြစ်သည်။

လက်ရှိအချိန်တွင် ဂျာမနီရဲတပ်ဖွဲ့ဝင်များသည် လွတ်မြောက်နေသည့်ခြင်္သေ့ကို ဘရန်ဒန်ဘာ့ဂ်ပြည်နယ် ခရိုင်နှစ်ခု၌ အဓိကထားရှာဖွေလျက်ရှိသည်။

အဆိုပါခြင်္သေ့အနေဖြင့် မည်သည့်နေရာမှ လွတ်ထွက်လာသည်ကို မသိရသေးကြောင်း ဂျာမနီရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဘရန်ဒန်ဘာ့ဂ် ပြည်နယ်တွင် ခြင်္သေ့တစ်ကောင်ကို ထိန်းသိမ်းထားနိုင်သည့် တိရစ္ဆာန်ရုံများနှင့် ဆက်ကပ်အဖွဲ့ အများအပြားရှိကြောင်း သိရသည်။

သို့သော် အဆိုပါနေရာများအနက်မည်သည့်နေရာကမျှ ခြင်္သေ့တစ်ကောင် လွတ်ထွက်ပျောက်ဆုံးနေမှုနှင့်ပတ်သက်၍ သတင်းပို့တိုင်ကြားခြင်းမျိုး မရှိသေးဟု ဂျာမနီရဲတပ်ဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## ဒိုင်နိုဆောတစ်ကောင်နှင့် တောကြောင်နှင့်အလားတူသည့် နို့တိုက်သတ္တဝါတစ်ကောင်တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ



**အော့တဝါ ဇူလိုင် ၂၀**

တိုက်ရင်းခိုက်ရင်း အတူသေဆုံးခဲ့ကြသည့် ဒိုင်နိုဆောတစ်ကောင်နှင့် တောကြောင်နှင့်အလားတူသည့် နို့တိုက်သတ္တဝါတစ်ကောင်တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၂၅ သန်းရှိပြီဖြစ်သော အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းသည် ကမ္ဘာဦး သက်ရှိနှစ်ကောင်၏ ပြင်းထန်သော တိုက်ပွဲကို ပြသနေကြောင်း ကနေဒါ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းသည် တရုတ်နိုင်ငံ လျောင်နင်းပြည်နယ်၌ တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်ပြီး ရုပ်ကြွင်းနှစ်ခုစလုံးမှာအလုံးအထည်မပျက် ကျန်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

၎င်းကျောက်ဖြစ်ရုပ်ကြွင်းနှစ်ခုအနက် တစ်ခုမှာ Psittacosaurus ခေါ် ဒိုင်နိုဆောတစ်မျိုးဖြစ်ပြီး ကျန်ရုပ်ကြွင်းမှာ Repenomamus Robustus ခေါ် တောကြောင်ကဲ့သို့ နို့တိုက်သတ္တဝါတစ်မျိုးဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

၎င်းသတ္တဝါနှစ်ကောင်သည် တစ်ကောင်နှင့်တစ်ကောင် တိုက်ခိုက်နေစဉ်အတွင်း မြေပြိုမှုကြောင့်သို့မဟုတ် မီးတောင်ပေါက်ကွဲမှုကြောင့် တစ်ချိန်တည်းသေဆုံးခဲ့ကြပုံရကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

မိမိတို့ တွေ့ရှိထားရသည့် ကျောက်ဖြစ်ရုပ်ကြွင်းအထောက်အထားများအရ ကမ္ဘာဦးနို့တိုက်သတ္တဝါများသည် ၎င်းတို့ထက်ပို၍ အကောင်အထည်ကြီးမားသည့် ဒိုင်နိုဆောများကိုလည်း တိုက်ခိုက်တတ်သည်ကို တွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO


## မတူညီသည့်မျက်နှာပြင်နှစ်ခြမ်းပိုင်ဆိုင်ထားသော ချူကလီးယားလောင်စာကုန်ကြယ်ဖြူ (White Dwarf) တစ်စင်း သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဇူလိုင် ၂၀**

မတူညီသည့်မျက်နှာပြင်နှစ်ခြမ်းပိုင်ဆိုင်ထားသော ချူကလီးယားလောင်စာကုန်ကြယ်ဖြူ (White Dwarf) တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

ဂျေးနပ်စ်ဟူ၍ အမည်ပေးထားသော အဆိုပါ ချူကလီးယားလောင်စာကုန် ကြယ်ဖြူကို အမေရိကန်သိပ္ပံပညာရှင်များက ZTF အမည်ရှိ ရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဂျေးနပ်စ်ကြယ်၏ မျက်နှာပြင်တစ်ဖက်ခြမ်းမှာ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့အက်တမ်များဖြင့် ဖွဲ့စည်းထားပြီး ကျန်မျက်နှာပြင်တစ်ဖက်ခြမ်းမှာ ဟီလီယမ်ဓာတ်ငွေ့အက်တမ်များဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



ဂျေးနပ်စ်ကြယ်သည် ၎င်း၏ ဝင်ရိုးကိုဗဟိုပြု၍ ၁၅ မိနစ်လျှင် တစ်ပတ်နှုန်းဖြင့် မှတ်မှတ်လည်နေကြောင်း အမေရိကန်သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အဆိုပါကြယ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၁၃၀၀ အကွာတွင် တည်ရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျေးနပ်စ်ကြယ်သည် လူသားများအနေဖြင့် ပထမဆုံးတွေ့ရှိခဲ့သော မျက်နှာစာနှစ်ခြမ်းဖွဲ့စည်းပုံကွဲပြားသည့် မျက်နှာနှစ်ဖက်ကြယ် ဖြစ်နိုင်သည်ဟု အမေရိကန် သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

KKO

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၁၅ စင်း Space-X ကုမ္ပဏီ လွှတ်တင်

**ဝါရှင်တန် ဇူလိုင် ၂၀**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၁၅ စင်းကို ဇူလိုင် ၂၀ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

စတားလင့်ခ်ဂြိုဟ်တုများသယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်လေတပ်စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် အဆိုပါ စတားလင့်ခ်ဂြိုဟ်တုများကို ဇူလိုင် ၁၉ ရက်တွင်လွှတ်တင်ရန် မူလက စီစဉ်ထားသော်လည်း ဖယ်လ်ကွန်-၉ ဒုံးပျံ ပြဿနာတစ်ရပ် ကြောင့် လွှတ်တင်ရန် ငါးစက္ကန့်မျှအလိုတွင် အစီအစဉ် ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

လွှတ်တင်ပြီး ၁၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်သွားသည့် စတားလင့်ခ်ဂြိုဟ်တုများကို အနိမ့်ပိုင်းကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း Space-X တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တု မစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီအတွက် ယခုနှစ်၏ ၄၈ ကြိမ်မြောက်အာကာသမစ်ရှင်ဖြစ်သည်။

လက်ရှိအချိန်တွင် Space-X အာကာသနည်းပညာကုမ္ပဏီသည် ၎င်းတည်ဆောက်နေသည့် စတားလင့်ခ်အင်တာနက် ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်းပေါင်း ၆၇၀၀ ကျော်လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## P2B001 ဆေးက ပါကင်ဆန်ရောဂါ လက္ခဏာများ လျော့ပါးသက်သာစေနိုင်

**နယူးယောက် ဇူလိုင် ၂၀**

နေ့စဉ် သောက်သုံးပေးရသည့် ဆေးသစ်တစ်မျိုးသည် ပါကင်ဆန်ရောဂါကို စတင်ဖြစ်ပွားခါစ အဆင့်တွင် ကုသပေးနိုင်ပြီး ရောဂါလက္ခဏာများ လျော့ပါးသက်သာစေနိုင်ကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဆေးသစ်သည် လက်ရှိအသုံးပြုနေဆဲ ပါကင်ဆန်ရောဂါဆေးနှစ်မျိုးဖြစ်သည့် Pramipex-ole နှင့် Rasagiline တို့ကို ပေါင်းစပ်ထားသော ဆေးဖြစ်သည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ P2B001အမည်ရှိ အဆိုပါဆေးသည် ဖြစ်ခါစအဆင့်တွင် ပါကင်ဆန်ရောဂါကို ကုသပေးနိုင်ပြီး ရောဂါလက္ခဏာများကို လျော့ပါးသက်သာစေကြောင်း သိရသည်။

ထို့ပြင် P2B001 ဆေးသည် အခြားပါကင်ဆန်ရောဂါဆေးများကဲ့သို့မဟုတ်ဘဲ ဘေးထွက်ဆိုးကျိုးပိုနည်းကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

P2B001 ဆေးကို သုံးမည်ဆိုပါက ရောဂါလက္ခဏာများကို အချိန်ယူစောင့်ကြည့်ရန်မလိုဘဲ ရောဂါရှာဖွေတွေ့ရှိပြီးချိန်မှာပင် အသုံးပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရသိရသည်။

ပါကင်ဆန်ရောဂါသည် ဒိုပါမိုင်း (Dopamine) ခေါ် ဓာတုပစ္စည်းများထုတ်ပေးသည့် ဦးနှောက်ဆဲလ်များ ဆုံးရှုံးချိန်တွင်ဖြစ်ပွားတတ်သည့် အာရုံကြောဆဲလ်ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။ KKO

## နားကြားကိရိယာအသုံးပြုခြင်းဖြင့် သက်ကြီးပိုင်းများ၌ Dementia ရောဂါ ဖြစ်နိုင်ခြေကျဆင်းနိုင်

**နယူးယောက် ဇူလိုင် ၂၀**

နားကြားကိရိယာအထောက်အကူရယူခြင်းဖြင့် သက်ကြီးပိုင်းများ၌ ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ ကျဆင်းသွားနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

နားကြားကိရိယာအထောက်အကူရယူမှုသည် Dementia ရောဂါဖြစ်ပွားနိုင်ခြေမြင့်မားသည့် သက်ကြီးပိုင်းများတွင် စဉ်းစားဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းလာမှုအရှိန်ကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Dementia ဖြစ်နိုင်ခြေမြင့်မားသူများသည် နားကြားကိရိယာများ အသုံးပြုခြင်းဖြင့် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းမှုအရှိန်ကို ၅၀ ရာခိုင်နှုန်းခန့် လျှော့ချနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အကြားအာရုံချို့တဲ့မှုသည် Dementia ရောဂါပုံစံတစ်မျိုးဖြစ်သည့် အယ်ဇိုင်းမားရောဂါကဲ့သို့ အာရုံကြောဆဲလ် ရောဂါများနှင့် ဆက်စပ်နေသည်ဟု ဆေးပညာရှင်များက ယခင်က ဖော်ထုတ်တင်ပြထားကြောင်း သိရသည်။

သို့ရာတွင် အကြားအာရုံချို့တဲ့မှုသည် Dementia ရောဂါ၏ ရောဂါလက္ခဏာတစ်ခု ဟုတ်၊မဟုတ်နှင့် Dementia ရောဂါ၏ ရောဂါနောက်ခံအကြောင်းတရားတစ်ရပ် ဟုတ်၊မဟုတ်ကို ရှင်းပြနိုင်မှု မရှိသေးကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် သက်ကြီးပိုင်း ၂၀၀၀ ခန့်ကို လေ့လာခဲ့ရာ Dementia ဖြစ်နိုင်ခြေ အမြင့်မားဆုံးဖြစ်သော်လည်း နားကြားကိရိယာတပ်ဆင်ထားသူများမှာ စဉ်းစားဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းလာမှုအရှိန်ကို ၄၈ ရာခိုင်နှုန်းထိ လျှော့ချထားနိုင်ကြောင်း သိရသည်။

KKO



# နိုင်ငံတကာ အားကစားသတင်းများ

# အေအက်ဖ်စီဖလားပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် DPMM FC အသင်းတို့ တွေ့ဆုံ



**လန်ဒန် ဇူလိုင် ၂၀**

အာရှဘောလုံး အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အေအက်ဖ်စီဖလားပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင် ရန်ကုန်ယူနိုက်တက်အသင်းအနေဖြင့် ဘရူနိုင်းကလပ် DPMM FC အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဟု ရန်ကုန်ယူနိုက်တက်အသင်းက ယနေ့တွင် ထုတ်ပြန်ထားသည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲတွင် အမှတ်ပေးဇယားအဆင့်(၂)နေရာ၌ ရပ်တည်နိုင်ခဲ့သည့်အတွက် အေအက်ဖ်စီ ဖလားပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် အမှတ်ပေးဇယား အဆင့်(၂)နေရာ၌ ရပ်တည်နိုင်သည့် အသင်းများအနေဖြင့် အေအက်ဖ်စီဖလား ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့သော်လည်း နောက်ပိုင်းတွင် အာရှဘောလုံးအဖွဲ့ချုပ်၏ လိဂ်အဆင့်သတ်မှတ်ချက်တွင် မြန်မာနေရှင်နယ်လိဂ်အနေဖြင့် အဆင့်ကျဆင်းမှုများ ရှိခဲ့သည့်အတွက် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်သည့် အသင်းအနေဖြင့် အုပ်စုအဆင့်မှတိုက်ရိုက်ဝင်ခွင့်ရရှိခဲ့သော်လည်း အဆင့်(၂)နေရာမှ အသင်းအနေဖြင့် ခြေစစ်ပွဲအဆင့်မှ ဝင်ရောက်ကစားခဲ့ရသည်။

ရန်ကုန်ယူနိုက်တက် အသင်းနှင့်ယှဉ်ပြိုင်ကစားရမည့် DPMM FC အသင်းသည် ဘရူနိုင်းနိုင်ငံမှ ကလပ် အသင်းတစ်သင်းဖြစ်သော်လည်း လက်ရှိတွင် စင်ကာပူပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေပြီး ယခုနှစ်ဘောလုံးရာသီတွင် စင်ကာပူပရီးမီးယားလိဂ်ပြိုင်ပွဲ အဆင့်(၇)နေရာ၌ ရပ်တည်နေသည့် အသင်းတစ်သင်းဖြစ်သည်။

အေအက်ဖ်စီဖလားပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် DPMM FC အသင်းတို့သည် လာမည့်ဩဂုတ် ၁၆ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

# မန်စီးတီးကစားသမားဟောင်း မန်ဒီကို လိုရီးယန့်အသင်း အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူ

**ပဲရစ် ဇူလိုင် ၂၀**

ပြင်သစ်လီဂူးကလပ် လိုရီးယန့်အသင်းသည် လိင်ပိုင်းဆိုင်ရာပြစ်မှုကြောင့် အမှုရင်ဆိုင်ခဲ့ရသည့် ခံစစ်ကစားသမား မန်ဒီကို ပြီးခဲ့သည့် သောကြာနေ့က အမှုမှအပြစ်မရှိကြောင်း ကွင်းလွတ်ခွင့်ရရှိခဲ့ပြီးနောက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၉ နှစ်ရှိ ခံစစ်ကစားသမား မန်ဒီသည် ၂၀၁၇ ခုနှစ်က မန်စီးတီးအသင်းသို့ပြောင်းရွှေ့ခဲ့ပြီး အသင်းတွင် ပြိုင်ပွဲစုံ ၇၅ ပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် စပါးအသင်းနှင့် ပွဲစဉ်ကို နောက်ဆုံးပါဝင်ကစားခဲ့ကာ လိင်ပိုင်းဆိုင်ရာပြစ်မှုကြောင့် တရားရင်ဆိုင်ခဲ့ရပြီး စစ်ဆေးမှုခံယူခဲ့ရသည်။

အဆိုပါပြစ်မှုကြောင့် နှစ်နှစ်အကြာစစ်ဆေးမှုခံနေရသည့် ခံစစ်ကစားသမားမန်ဒီသည် မန်စီးတီးအသင်းက လုပ်ခလစာဆိုင်းငံ့ခဲ့ပြီးနောက် ကစားသမားဘဝမှအနားယူရမည့် အခြေအနေဖြင့်ရင်ဆိုင်ခဲ့ရကာ ပြီးခဲ့သည့် ဇွန် ၃၀ ရက်က မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ခြင်းဖြစ်သည်။

ယခုအခါ ချက်စတာခရောင်းတရားရုံးက ကစားသမားအနေဖြင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာစော်ကားမှုမပြုလုပ်ခဲ့သဖြင့် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပြုကြောင်း ကြေညာခဲ့သောကြောင့် ပြင်သစ်ကလပ် လိုရီးယန့်အသင်းက ၎င်းကို ခေါ်ယူခဲ့ပြီး အသင်းတွင် ကျောနံပါတ် ၅ ကိုဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ဘင်ဂျမင်မန်ဒီသည် ၂၀၁၀ ပြည့်နှစ်က ပြင်သစ်ကလပ် လီဟာဗေးအသင်းနှင့် ကစားသမားဘဝစတင်ခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်တွင် မာဆေးအသင်း၊ ၂၀၁၆ ခုနှစ်တွင် မိုနာကိုအသင်း၊ ၂၀၁၇ ခုနှစ်တွင် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အောင်မြင်မှုများရယူနိုင်ခဲ့သော်လည်း လိင်ပိုင်းဆိုင်ရာစော်ကားမှုပြုလုပ်ခဲ့သည့်စွပ်စွဲချက်ကြောင့် ဘောလုံးရာသီ နှစ်ရာသီကြာ ဘောလုံးကစားခြင်းမှရပ်နားခဲ့ရကြောင်း သိရသည်။

ML




# တိုက်စစ်မှူးအူဘာမီယန်း ချဲလ်ဆီးအသင်းနှင့်စာချုပ်ဖျက်သိမ်း၍ မာဆေးအသင်းသို့ပြောင်းရွှေ့

**လန်ဒန် ဇူလိုင် ၂၀**

ချဲလ်ဆီးအသင်းက ရောင်းချရန်ပြင်ဆင်နေသည့် တိုက်စစ်မှူး အူဘာမီယန်းသည် အသင်းနှင့် နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းခဲ့ပြီးနောက် မာဆေးအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ရောက်ရှိခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အူဘာမီယန်းသည် ချဲလ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းကျန်ရှိနေသော်လည်း အသင်းကရောင်းချရန် အရောင်းစာရင်းတင်သွင်းခဲ့ပြီးနောက် ဆော်ဒီကလပ်အသင်းက ကမ်းလှမ်းခဲ့သော်လည်း ကစားသမားအနေဖြင့် ပြောင်းရွှေ့လိုခြင်းမရှိသဖြင့် အသင်းနှင့်နှစ်ဖက်သဘောတူစာချုပ် ဖျက်သိမ်း၍ မာဆေးအသင်းသို့ အလွတ်ပြောင်းရွှေ့ခဲ့ပြီး သုံးနှစ်သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၃၄ နှစ်ရှိ တိုက်စစ်မှူး အူဘာမီယန်းသည် ၂၀၂၂ ခုနှစ်က ချဲလ်ဆီးအသင်းသို့ပြောင်းရွှေ့ခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၂၁ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး သုံးဂိုးသာ သွင်းယူနိုင်ခဲ့သဖြင့် ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရသောကြောင့် အသင်းအနေဖြင့် လုပ်ခလစာလျှော့ချနိုင်ရေးအတွက် ၎င်းကို ရောင်းချရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် နည်းပြပိုချက်တီနိုကို ခန့်အပ်ခဲ့ပြီးနောက်ပိုင်း အသင်းလူစာရင်းကိုအပြောင်းအလဲများပြုလုပ်ခဲ့ရာတွင် ကိုဗာဆစ်၊ ကိုင်ဟာဗက်၊ ကူလီဘာလေ၊ မန်ဒီ၊ ပူလီဆစ်၊ လော့တပ်ချိခ်၊ မေဆင်မောင့်၊ အူဘာမီယန်းတို့ကို လက်လွှတ်ခဲ့ပြီး လိုက်ပ်ဇစ်ကစားသမား အန်ကူကူနှင့် ဗီလာရီးရဲလ်အသင်းကစားသမား ဂျက်ဆန်တို့ကို ပြန်လည်ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

ML

# အားကစားသတင်း အတိုအထွာများ

- မန်စီးတီးအသင်းက ခံစစ်ကစားသမား ဂါဗာဒီယိုကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည့်အတွက် ကစားသမားအနေဖြင့် ယနေ့တွင် ဆေးစစ်မှုခံယူနေပြီဖြစ်သောကြောင့် ဆေးစစ်မှုပြီးဆုံးပါက တရားဝင်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းသည် ဂျီရိုနာအသင်းမှ ကွင်းလယ်ကစားသမားရိုမီယူကိုခေါ်ယူခဲ့ရာတွင် ကစားသမား၏ ပြောင်းရွှေ့ကြေးကို ယူရို လေးသန်းသာပေးချေခဲ့ရကြောင်း သိရသည်။
- နည်းပြမားကိုစ်ဆေးဗားက ဖူလ်ဟမ်အသင်း၏စာချုပ်သစ်ကို ငြင်းဆိုခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ၎င်း၏နေရာတွင် လက်ထောက်နည်းပြဂျာမီပါရဲရားကို ခန့်အပ်မည်ဟု ထုတ်ပြန်ခဲ့သည်။

ML

# အင်တာမီလန်အသင်းက ခံစစ်ကစားသမား ကွာရာဒိုကို တစ်နှစ်စာချုပ်ဖြင့်ခေါ်ယူ

**မီလန် ဇူလိုင် ၂၀**

ပြီးခဲ့သည့် ဇွန် ၃၀ ရက်က ဂျူဗင်တပ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် ခံစစ်ကစားသမား ကွာရာဒိုကို စီးရီးအေပြိုင်ဘက် အင်တာမီလန်အသင်းက လာမည့် ၂၀၂၄ ခုနှစ်ထိ တစ်နှစ်စာချုပ်ချုပ်ဆို၍ ခေါ်ယူနိုင်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွာရာဒိုသည် ၂၀၁၆ ခုနှစ်က ဂျူဗင်တပ်အသင်းသို့ အငှားစာချုပ်ဖြင့် ရောက်ရှိခဲ့ပြီးနောက် အသင်းတွင် ပြိုင်ပွဲစုံ ၅၅ ပွဲကစားခဲ့ရာ သွင်းဂိုး သုံးဂိုးသွင်းယူ၍ ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ၂၀၁၇ ခုနှစ်တွင် ဂျူဗင်တပ်အသင်းက အပြီးသတ်ခေါ်ယူခဲ့ပြီး အသင်းတွင်ပြိုင်ပွဲစုံ ၂၂၉ ပွဲထိ ပါဝင်ကစားခဲ့သော်လည်း စာချုပ်သက်တမ်း ကုန်ဆုံးချိန်တွင် ကစားသမား၏အသက်အရွယ်နှင့် လုပ်ခလစာကြောင့် စာချုပ်သက်တမ်းတိုးရန်မစီစဉ်ဘဲ အလွတ်ပြောင်းရွှေ့ခွင့်ပြုခဲ့သည်။

အသက် ၃၅ နှစ်ရှိ ကွာရာဒိုသည် ခံစစ်၊ ကွင်းလယ်နှင့် တိုက်စစ်ပိုင်းတို့တွင်ကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သကဲ့သို့ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ဂျူဗင်တပ်အသင်းအတွက် ပြိုင်ပွဲစုံ ၄၁ ပွဲထိပါဝင်၍ သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှုသုံးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် အင်တာမီလန်အသင်းက စီးရီးအေပြိုင်ပွဲအတွေ့အကြုံကောင်းများရှိသည့် ကွာရာဒိုကို တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အင်တာမီလန်အသင်းသည် အသင်းမှခံစစ်ကစားသမား စကရင်နေးယားနှင့်ဒန်နီလိုတို့ကို အလွတ်ပြောင်းရွှေ့ခွင့်နှင့် လက်လွှတ်ခဲ့ရသဖြင့် ကွာရာဒိုနှင့် ကာလတိုအစားထိုးရန် ဆုံးဖြတ်ခဲ့သည်။

ကွာရာဒိုသည်နေရာစုံကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ကာ အသက် ၃၅ နှစ်ရှိပြီဖြစ်သော်လည်း ပွဲချိန်ပြည့် ပါဝင်ကစားနိုင်သည့် ကစားသမား ဖြစ်သောကြောင့် နည်းပြအင်ဇာဂီက ၎င်း၏နည်းစနစ်ပိုင်းနှင့် ကိုက်ညီမှုရှိသည့်အတွက် ခေါ်ယူရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။



ML

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)တွင် သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့



**ရန်ကုန် ဇူလိုင် ၂၀**

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ယနေ့ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ သစ္စာအားမာန် အသင်းနှင့် မြဝတီအသင်းတို့နိုင်ပွဲ ကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

ဦးစွာ ယနေ့ညနေ ၃ နာရီ မိနစ် ၃၀ က ရန်ကုန်မြို့ စလင်း အားကစားကွင်းတွင် မြဝတီအသင်း နှင့် ရန်ကုန်ယူနိုက်တက်အသင်း တို့ယှဉ်ပြိုင်ကစားခဲ့ရာ မြဝတီ အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၁၀ မိနစ်နှင့် ၄၁ မိနစ်တို့တွင် စန်းသော်သော်၏ သွင်းဂိုးများဖြင့် မြဝတီအသင်းက ရန်ကုန် ယူနိုက်တက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစဉ် တစ်လျှောက် အကောင်းဆုံးကစား သမားဆုကို မြဝတီအသင်းအတွက် အနိုင်ဂိုး နှစ်ဂိုးသွင်းယူပြီးခြေစွမ်း ပြသနိုင်ခဲ့သည့် တိုက်စစ်မှူး စန်းသော်သော်က ရရှိခဲ့သည်။

အလားတူ ညနေ ၃ နာရီ မိနစ် ၃၀ က ပဒုမ္မာအားကစားကွင်းတွင် ကစားခဲ့သည့် သစ္စာအားမာန်အသင်း နှင့် Sport & Education အသင်း တို့ပွဲစဉ်တွင် ခြေစွမ်းပိုင်းကွာခြားမှု မရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှု များဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၃၁ မိနစ်တွင် သီတာခိုင်က Sport & Education အသင်း အတွက် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင် ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင် ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင် သစ္စာအားမာန်အသင်းက ချေပဂိုး နှင့်အနိုင်ဂိုးများအတွက် ပြန်လည် ဖိအားပေးတိုက်စစ်ဆင်မှုများပြုလုပ် ခဲ့ပြီးနောက် ပွဲချိန် ၄၉ မိနစ်နှင့် ၈၅ မိနစ်တွင် ဂျူလိုင်ကျော်က ချေပဂိုး နှင့်အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့သည့် အတွက် ပွဲပြီးဆုံးချိန်တွင် သစ္စာ အားမာန်အသင်းက Sport & Education အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကာ ပွဲစဉ် တစ်လျှောက်အကောင်းဆုံးကစား သမားဆုကို သစ္စာအားမာန် အသင်းမှ ဂျူလိုင်ကျော်ကရရှိခဲ့ ကြောင်း သိရသည်။ STA

# ၂၀၂၃ ခုနှစ် လူငယ်တံခွန်စိုက်ကြက်တောင်ပြိုင်ပွဲကို စက်တင်ဘာ ၂၇ ရက်မှ ၃၀ ရက်ထိ ကျင်းပသွားမည်

**ရန်ကုန် ဇူလိုင် ၂၀**

မြန်မာနိုင်ငံ ကြက်တောင် အဖွဲ့ချုပ်ကကြီးမှူးပြီး မြန်မာ့ ကြက်တောင်အားကစား အဆင့် အတန်း အာဆီယံ၊ အာရှအဆင့်မှ ကမ္ဘာ့အဆင့်သို့ တက်ရောက်နိုင်ရန် ရည်ရွယ်ကျင်းပမည့် ၂၀၂၃ ခုနှစ် လူငယ်တံခွန်စိုက် ကြက်တောင် ပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၂၇ ရက်မှ ၃၀ ရက်ထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ အမျိုးသား ကြက်တောင်အားကစားခန်းမတွင် ကျင်းပမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် လူငယ်တံခွန်စိုက် ကြက်တောင်ပြိုင်ပွဲတွင် အသက် ကိုးနှစ်အောက်၊ အသက် ၁၁နှစ် အောက်၊ အသက် ၁၅နှစ်အောက်၊ အသက် ၁၇ နှစ်အောက်၊ အသက် ၁၉ နှစ်အောက် အမျိုးသားတစ်ဦး ချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ စသည့်ပြိုင်ပွဲ အမျိုးအစား ၃၀ ထည့်သွင်းကျင်းပ မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် သက်တမ်း အလိုက် ဝင်ရောက်ယှဉ်ပြိုင်လိုသူ များအနေဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား(သို့မဟုတ်) မွေးစာရင်း မူရင်းကို တင်ပြရမည်ဖြစ်ပြီး ဦးမျိုးကျော်သူ ဖုန်း ၀၉-၅၅၀၅၀၅၈၊ ဒေါ်မြတ်မြတ်နိုး ဖုန်း ၀၉-၇၉၄၅၁၅၈၄၉ တို့ထံ ဆက်သွယ်ပြီး စက်တင်ဘာ ၂၀ ရက်နောက်ဆုံးထား၍ စာရင်း ပေးသွင်းရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲ ဝင်ကြေးအနေဖြင့် အသက် ကိုးနှစ် အောက်နှင့် အသက် ၁၁ နှစ်အောက် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတို့တွင် ငွေကျပ် ၁၀၀၀၀၊ နှစ်ယောက်တွဲပြိုင်ပွဲတို့တွင် ငွေကျပ် ၂၀၀၀၀၊ အသက် ၁၃ နှစ် အောက်၊ ၁၅ နှစ်အောက်နှင့် ၁၇ နှစ်အောက် အမျိုးသား၊အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတို့တွင် ငွေကျပ် ၁၅၀၀၀ နှင့် နှစ်ယောက်တွဲပြိုင်ပွဲ တို့တွင် ငွေကျပ် ၂၀၀၀၀၊ အသက် ၁၉ နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ တို့တွင် ငွေကျပ် ၂၀၀၀၀ နှင့် နှစ်ယောက်တွဲပြိုင်ပွဲတို့တွင် ငွေကျပ် ၂၅၀၀၀ ပေးသွင်းရမည်ဖြစ် ကြောင်း သိရသည်။

STA

# IBO ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲထိုးသတ်ရန် ယူအေအီးဗီဇာမရသေးကြောင်း ဝါဆင်းမ်၏ Promoter ပြောကြား



**အစ္စလာမ်မာဘတ် ဇူလိုင် ၂၀**

ပါကစ္စတန် လက်ဝှေ့သမား ဝါဆင်းမ်သည် လစ်လပ်နေသော IBO ဘင်တန်ဝိတ်တန်း ကမ္ဘာ့ ချန်ပီယံခါးပတ်အတွက် ဖိလစ်ပိုင် လက်ဝှေ့သမားနီတက်စ်နှင့်ထိုးသတ် သွားရမည်ဖြစ်ပြီး စိန်ခေါ်ပွဲကို ယူအေအီးနိုင်ငံတွင် ဇူလိုင် ၂၂ ရက်၌ ထိုးသတ်မည်ဖြစ်သော်လည်း ဝါဆင်းမ်အနေဖြင့် ယူအေအီး ဗီဇာမရသေးသည့်အတွက်ကြောင့် ယူအေအီးနိုင်ငံသို့ထွက်ခွာနိုင်ခြင်း မရှိသေးကြောင်း အတည်ပြုခဲ့သည် ဟု The Nation သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

WBC Silver ဖလိုင်း ဝိတ်တန်းချန်ပီယံကို သုံးကြိမ် တိုင်တိုင်ဆွတ်ခူးခဲ့ဖူးသည့် ဝါဆင်းမ် အနေဖြင့် ကမ္ဘာ့ချန်ပီယံဖြစ်ခွင့် ရရေးအတွက် ယူအေအီးနိုင်ငံတွင် သွားရောက်ထိုးသတ်ရမည်ဖြစ်ပြီး ယူအေအီးနိုင်ငံသို့ သွားရောက်ရန် အတွက် ဗီဇာလျှောက်ထားခဲ့ သော်လည်း အကြောင်းပြချက် မပေးဘဲ ငြင်းပယ်ခံထားရကြောင်း ဝါဆင်းမ်၏ Promoter က ထုတ်ပြန်ခဲ့သည်။

ဝါဆင်းမ်နှင့် နီတက်စ်တို့၏ စိန်ခေါ်ပွဲကို မူလကစကော့တလန် နိုင်ငံဂလက်စ်ဂေါမြို့တွင်ကျင်းပရန် စီစဉ်ခဲ့သော်လည်း ဇူလိုင် ၁၅ ရက် တွင် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် ထိုးသတ်ရန် နေရာရွှေ့ပြောင်း သတ်မှတ်ခဲ့သည်။

ယူအေအီးနိုင်ငံမှ ဝါဆင်းမ်၏ ဗီဇာလျှောက်ထားမှုကို ပယ်ချခဲ့ သည့် အကြောင်းပြချက်ကိုထုတ်ပြန် ခဲ့ခြင်းမရှိသည့်အတွက်ကြောင့်လည်း ဝါဆင်းမ်၏ Promoter အနေဖြင့် စိန်ခေါ်ပွဲအတွက် အခက်တွေ့နေ သည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ AZL

# Palermo Ladies Open ပြိုင်ပွဲတွင် ကွင်းဝမ်ကျန်းနှင့် နာဟာရို ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်

**ပါလာမို ဇူလိုင် ၂၀**

အီတလီနိုင်ငံ ပါလာမိုမြို့တွင် ကျင်းပနေသည့် Palermo Ladies Open ဒုတိယအဆင့်တွင် နိုင်ပွဲ ကိုယ်စီရရှိခဲ့ကြသည့် တရုတ် တင်းနစ်မယ် ကွင်းဝမ်ကျန်းနှင့် အမေရိကန်တင်းနစ်မယ် နာဟာရို တို့ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း Tennis World USA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းဝမ်ကျန်းသည် ဒုတိယ အဆင့်တွင် ပြင်သစ်တင်းနစ်မယ် ပါရီနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ကွင်းဝမ်ကျန်းက (၇-၅၊ ၃-၆၊ ၆-၃) ရလဒ်ဖြင့်အနိုင်ရရှိကာ ကွာတား ဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင် ခဲ့သည်။

နာဟာရိုက ဒုတိယအဆင့်တွင် အီတလီတင်းနစ်မယ် ရှိဆာတယ် လိုနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး နာဟာရိုက (၆-၂၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ကွင်းဝမ်ကျန်းသည် ဒုတိယ အဆင့်တွင် ပါရီကိုအနိုင်ရခဲ့သော် လည်း ခက်ခက်ခဲခဲယှဉ်ပြိုင်ကစား ခဲ့ရကာ ပထမပွဲငယ်တွင် အနိုင်ရရှိ ခဲ့ပြီး ဒုတိယပွဲငယ်တွင် ပြတ်သား သည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရကာ တတိယပွဲငယ်တွင် ပြတ်သား သည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရ ခဲ့ခြင်းကြောင့် ကွာတားဖိုင်နယ် အဆင့်ကို တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

နာဟာရိုသည် ဒုတိယအဆင့် တွင် ရလဒ်ကောင်းရရှိခဲ့ပြီး နှစ်ပွဲ ပြတ်ရလဒ်ဖြင့်အနိုင်ရရှိကာ ကွာတား ဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင် ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ AZL



# ဇူလိုင်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင်အသင်း ကမ္ဘာ့အဆင့်(၁၆၀)နှင့် အာဆီယံအဆင့်(၇)နေရာတွင်ရပ်တည်

**ရန်ကုန် ဇူလိုင် ၂၀**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) က ယနေ့တွင် ဇူလိုင်လအတွက် လက်ရွေးစင်အသင်းများ၏အဆင့် သတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ရာ မြန်မာ့လက်ရွေးစင်အသင်းက ကမ္ဘာ့ အဆင့်(၁၆၀)နှင့် အာဆီယံအဆင့် (၇)နေရာတွင်ရပ်တည်နိုင်ခဲ့ကြောင်း ASEAN Football သတင်း ဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

မြန်မာ့ လက်ရွေးစင်အသင်း သည် နိုင်ငံတကာခြေစမ်းပွဲကာလ ဖြစ်သည့် ပြီးခဲ့သည့် ဇွန်လက တရုတ်နိုင်ငံတွင် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်အသိအမှတ်ပြု နိုင်ငံတကာ ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ တရုတ် အသင်းကို လေးဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့် ခဲ့ပြီး မကာအိုအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင် အသင်း အနေဖြင့် ဇွန်လအတွင်းက နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲကစား ခဲ့ရာတွင် တစ်ပွဲနိုင်တစ်ပွဲရှုံးရလဒ် ကြောင့် ရမှတ်မြင့်တက်ခြင်းမရှိခဲ့ဘဲ ရမှတ် ၁၀၀၀ ဖြင့် ကမ္ဘာ့အဆင့် (၁၆၀)နေရာတွင် ဆက်လက် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ဇူလိုင်လအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်အရ အာဆီယံဇုန် တွင် ဗီယက်နမ်အသင်းက ကမ္ဘာ့ အဆင့်(၉၅)ဖြင့် အာဆီယံအဆင့် (၁)နေရာတွင်ဆက်လက်ဦးဆောင် နိုင်ခဲ့ပြီး ထိုင်းအသင်းက ကမ္ဘာ့ အဆင့်(၁၁၃)ဖြင့် အာဆီယံအဆင့် (၂)၊ ဖိလစ်ပိုင်အသင်းက ကမ္ဘာ့ အဆင့်(၁၃၅)ဖြင့် အာဆီယံအဆင့် (၃)၊ မလေးရှားအသင်းက ကမ္ဘာ့ အဆင့်(၁၃၆)ဖြင့် အာဆီယံ အဆင့်(၄)၊ အင်ဒိုနီးရှားအသင်းက ကမ္ဘာ့အဆင့်(၁၅၀)ဖြင့် အာဆီယံ အဆင့်(၅)၊ စင်ကာပူအသင်းက ကမ္ဘာ့အဆင့် (၁၅၈)ဖြင့် အာဆီယံ အဆင့်(၆)၊ မြန်မာအသင်းက ကမ္ဘာ့ အဆင့်(၁၆၀)ဖြင့် အာဆီယံအဆင့် (၇)၊ ကမ္ဘောဒီးယားအသင်းက ကမ္ဘာ့အဆင့်(၁၇၆)ဖြင့် အာဆီယံ အဆင့်(၈)၊ လာအိုအသင်းက ကမ္ဘာ့အဆင့်(၁၈၇)ဖြင့် အာဆီယံ အဆင့်(၉)၊ ဘရူနိုင်းအသင်းက ကမ္ဘာ့အဆင့်(၁၉၀)ဖြင့် အာဆီယံ အဆင့်(၁၀)နှင့် တီမောလက်စ်တေ အသင်းက ကမ္ဘာ့အဆင့်(၁၉၂) ဖြင့် အာဆီယံအဆင့်(၁၁)နေရာ တွင် အသီးသီးရပ်တည်ခဲ့ကြ ကြောင်း သိရသည်။

STA

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# မဏိပူရဒေသတင်းမာမှုများနှင့်အိန္ဒိယအရှေ့မြောက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု

အာသံ၊ မဏိပူရဟုဆိုလိုက်လျှင် စစ်သူကြီး မဟာဗန္ဓုလကို အမှတ်ရကြမည်ထင်သည်။ တစ်ချိန်က မြန်မာ့မြေပြင်ပိုင်နက် နေရာများ။ ယခုအချိန်တွင် အိမ်နီးချင်းအိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ဒေသ ပြည်နယ်ရှစ်ခုထဲတွင် ပါဝင်လျက်ရှိသည်။ မဏိပူရပြည်နယ်အတွင်း၌ အင်အားအများဆုံးဖြစ်သည့် လူမျိုးက မဲထိုင်(Meitei) လူမျိုးစုဖြစ်သည်။ မဲထိုင်လူမျိုးများက အင်ဖာတောင်ကြားဒေသတွင် အများဆုံးနေထိုင်ကြသည်။ အာသံ၊ နာဂလန်း၊ မီဇိုရမ် အစရှိသည့် အိမ်နီးချင်းပြည်နယ်များတွင်လည်း ဖြန့်ခွဲနေထိုင်ကြသည်။ မဏိပူရပြည်နယ်အတွင်း နေထိုင်ကြသူများ၏ ၅၃ ရာခိုင်နှုန်းက မဲထိုင်လူမျိုးများဖြစ်ကြသည်။

'မဲထိုင်'တို့လောက် အင်အားမများသော်လည်း မဏိပူရပြည်နယ်အတွင်း နေထိုင်ကြသည့် အခြားလူမျိုးစုတစ်စုက 'ကူကီ' (Kuki) လူမျိုးစုဖြစ်သည်။ မြန်မာနိုင်ငံတွင်းမှ ချင်းလူမျိုးများ၊ မီဇိုရမ်ပြည်နယ်အတွင်းမှ မီဇိုလူမျိုးများနှင့် ဆွေမျိုးနီးစပ်တော်ကြသည်။ ကူကီလူမျိုးစုကို 'ဇို' လူမျိုးများဟုလည်း ခေါ်ဝေါ်ကြသည်။ လူရှည်တောင်တန်းကြီးများပေါ်မှ ဆင်းသက်လာကြသူများဖြစ်သဖြင့် 'ကူကီ'လူမျိုးဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံက လူမျိုးရေး၊ ဘာသာရေးတင်းမာမှုများအပြင် ဇာတ်နိမ့်ဇာတ်မြင့် ပြဿနာများလည်း ရှိသည်။ နိုင်ငံတွင်းမှဆင်းရဲနိမ့်ကျသည့် မျိုးနွယ်စုများကို ဦးစားပေးလူမျိုးစုများ (Scheduled Tribes)အဖြစ် သတ်မှတ်ပေးထားရသည်။ ၎င်းဦးစားပေးလူမျိုးစုများအတွက် အခမဲ့ပညာရေးစီစဉ်ပေးရသည်။ အလုပ်နေရာချန်ထားပေးရသည်။ ကျောင်းဝင်ခွင့် ဦးစားပေးရသည်။ ပညာတော်သင်ဦးရေသတ်မှတ်ပေးထားရသည်။ လွှတ်တော်အမတ်နေရာများ ချန်ထားပေးရသည်။ ထိုသို့သော ဦးစားပေးလူမျိုးစုများက အိန္ဒိယနိုင်ငံ လူဦးရေ၏ ၈ ဒသမ ၆ ရာခိုင်နှုန်းရှိနေသည်။ 'ကူကီ'လူမျိုးစုများက ၎င်းဦးစားပေးလူမျိုးစု တစ်စုဖြစ်သည်။

မဏိပူရတွင် အင်အားအများဆုံးဖြစ်သည့် 'မဲထိုင်' တို့က 'ကူကီ'တို့ကဲ့သို့ ဦးစားပေးလူမျိုးစုထဲ ပါဝင်ချင်ကြသည်။ ပြည်နယ်လွှတ်တော်တွင် ၎င်းအဆိုကိုတင်သွင်းသည့်အခါ ကန့်ကွက်ဆန္ဒထုတ်ဖော်မှုများ အကြီးအကျယ်ဖြစ်ကြသည်။ ၂၀၂၃ ခုနှစ် မေ ၃ ရက်မှစတင်ခဲ့သည့် ဆန္ဒထုတ်ဖော်မှုများကစ၍ 'မဲထိုင်' နှင့် 'ကူကီ'တို့ကြား အပြင်းအထန်တင်းမာမှုများဖြစ်ကြသည်။ နှစ်လမျှ ကြာမြင့်နေပြီဖြစ်သည့် အကြမ်းဖက်တင်းမာမှုများကြောင့် လူပေါင်း ၁၀၀ သေကျေပျက်စီးခဲ့ရပြီး လူပေါင်း ၅၀၀၀၀ ကျော် နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်။

လူမျိုးစုနှစ်စုကြား အကြမ်းဖက်မှုများကြောင့် လူနေအိမ်နှင့်ဘာသာရေးအဆောက်အအုံများ မီးရှို့ဖျက်ဆီးခံရသည်။ အကြမ်းဖက်မှုများကို ထိန်းချုပ်ရန် အိန္ဒိယဗဟိုအစိုးရက အပြင်မထွက်ရအမိန့် ထုတ်ပြန်ရသည်။ အင်တာနက်ကွန်ရက်များကို ဖြတ်ချလိုက်ရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဆင့်ခေါ်နေရာချထားရသည်။ အချို့နေရာများ၌ဆိုလျှင် လက်နက်ကိုင်သူပုန်အုပ်စုများက လမ်းမကြီးများကို ပိတ်ဆို့ထားခြင်းမျိုးပင်ရှိတတ်သည်။

မဏိပူရပြည်နယ် ကျန်းမာရေးဝန်ကြီး ရန်ဂျန်ဆင်းက နေရပ်စွန့်ခွာထွက်ပြေးနေရသူ ၅၀၀၀၀ ခန့်ကို စာသင်ကျောင်းများနှင့် ကျောင်းသားအိပ်ဆောင်များတွင် ခိုလှုံရေးစခန်းများ ဖွင့်လှစ်စောင့်ရှောက်ထားကြောင်း ၂၀၂၃ ခုနှစ် ဇွန် ၁၀ ရက်က သတင်းထောက်များကို ပြောကြားခဲ့သည်။ ကိုယ်ဝန်ဆောင်မိခင်များကို အဓိက ဦးစားပေးစောင့်ရှောက်ထားပြီး နို့တိုက်မိခင်များ၊ သက်ကြီးရွယ်အိုများနှင့်ကလေးငယ်များကိုပါ စောင့်ရှောက်ပေးနိုင်ရန် စီစဉ်ပေးနေကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့သည်။ ဇွန် ၂၈ ရက်မှစတင်လျက် ကယ်ဆယ်ရေးဌာန ၄၀၀ ကျော် စတင်ဖွင့်လှစ်နိုင်တော့မည်ဟု ပြည်နယ်အစိုးရ အာဏာပိုင်များက အသိပေးခဲ့သည်။ ဒဏ်ရာရသူများကို အစိုးရနှင့် ပုဂ္ဂလိကဆေးရုံများတွင် အခမဲ့ကုသပေးသည်။ ကယ်ဆယ်ရေးဌာနများသို့လည်း ဆေးအကာအကွယ်ပေးအဖွဲ့များစေလွှတ်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည်။ မီဇိုရမ်၊ အာသံနှင့် နာဂလန်း အစရှိသည့်အိမ်နီးချင်းပြည်နယ်များတွင် ခိုလှုံနေကြရသူ ၁၁၀၀၀ ခန့် ရှိနေသေးသည်။

ချူရာချန်ပါခရိုင်ကဲ့သို့ တောတောင်ထူထပ်သည့် ဒေသများအတွက် ကျန်းမာရေးအထောက်အပံ့အကူအညီများရောက်ရှိမှု နည်းပါးနေသေးသော်လည်း လုံခြုံရေးတပ်ဖွဲ့များအကူအညီဖြင့် မရှိမဖြစ်ဆေးဝါးများနှင့်ထောက်ပံ့ရေးပစ္စည်းများကို ပို့ဆောင်ပေးနေကြောင်း ပြည်နယ်အစိုးရက ထုတ်ပြန်ထားသည်။ အကြမ်းဖက်ခံရမည်ကိုကြောက်သဖြင့် အချို့ကျေးရွာများမှ ကျန်းမာရေးဝန်ထမ်းများ ထွက်ပြေးနေကြရသည်။ ချူရာချန်ပါခရိုင်ဆေးရုံဆိုလျှင် အများစုသော ကျန်းမာရေးဝန်ထမ်းများ ထွက်ပြေးသွားသဖြင့် ပုံမှန်မလည်ပတ်နိုင်ဖြစ်နေသည်။ ဝေးလံခေါင်သီသည့်ကျေးရွာများ၌ဆိုလျှင် အခြေအနေပိုဆိုးပြီး အခြေခံကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများပင် မရှိတော့သည့်အနေအထားဖြစ်သည်။

မီဇိုရမ်ပြည်နယ်မှ လူမှုရေးအသင်းအဖွဲ့များသည် ကျန်းမာရေးအထောက်အကူပစ္စည်းများကို မဏိပူရပြည်နယ်အတွင်းသို့ ဖြည်းဖြည်းချင်း ကဲ့ယူနေကြရသည်။ ကင်ဆာရောဂါကုသမှုနှင့် ခွဲစိတ်ကုသမှုလိုအပ်နေပြီး ငွေကြေးတတ်နိုင်သူ တောင်ပေါ်ဒေသခံများက ခရီးလမ်းကြောင်းစိတ်မချရသဖြင့် အင်ဖာသို့မသွားတော့ဘဲ ဂူဝါဟာသီ၊ ရှီလောင်းနှင့်ဒေလီမြို့တို့ထိသွားရောက်ပြီး ဆေးကုသမှုခံယူနေကြသည်။

၂၀၂၃ ခုနှစ် ဇွန် ၇ ရက်က မဏိပူရပြည်နယ်မြို့တော် အင်ဖာမြို့သို့ ဆေးကုသမှုခံယူရန် သွားရောက်သည့် ထိခိုက်ဒဏ်ရာရထားသူ ကလေးငယ်တစ်ဦးမှာ သူ့မိခင်နှင့်အတူ အသတ်ခံလိုက်ရသည့် ဝမ်းနည်းဖွယ်ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။ အကြမ်းဖက်လူအုပ်ကြီးက လူနာတင်ယာဉ်ကိုပါ မီးရှို့ခဲ့ကြသည်။

> ❖ ကျန်းမာရေးစနစ်ကြီးတစ်ခုထဲတွင် မတူကွဲပြားသည့် လုပ်ငန်းဆောင်တာများ၊ သဘောသဘာဝများရှိနေသည်။ ဒေသတွင်းမတည်မငြိမ်ဖြစ်သည့်အခါ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကြီးပါ ဖရိုဖရဲဖြစ်သွားသည်။ အချို့ကယ်ဆယ်ရေးအဖွဲ့များက လှုပ်ရှားဆေးကုသအဖွဲ့ငယ်များဖြင့် အခြေအနေတင်းမာသဲကျေးရွာများထိသွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည်။ ထိုအခါမျိုးတွင် အမုန်းပွားနေသည့် လူမျိုးစုနှစ်စုစလုံးမှ ကိုယ်စားလှယ်များကို အဖွဲ့ဝင်အဖြစ်ခေါ်ဆောင်သွားရလေ့ရှိသည်။ ထိုမှသာ အထင်အမြင်မှားပြီး ရန်ပြုခံရခြင်းမှ ရှောင်ကြဉ်နိုင်ပေလိမ့်မည်။ ❖

နေရပ်စွန့်ခွာ ထွက်ပြေးနေကြရသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အကူအညီများက အချိန်ကြာလာသည်နှင့်အမျှ လိုအပ်လာသည်သာဖြစ်သည်။ ယာယီတဲများတွင် ဒုက္ခသည်များဖြင့် ပြည့်ကျပ်နေသည်။ မတူညီသည့်မိသားစုများက နေရာကျဉ်းကျဉ်းတွင် ရောထွေးနေကြရသည်။ မကြာမီ မုတ်သုံရာသီဝင်တော့မည်ဖြစ်သည့်အတွက် ရာသီတုပ်ကွေးကဲ့သို့ ရာသီစာရောဂါများလည်း ကူးစက်ဖြစ်ပွားတော့မည့်အလားအလာရှိသည်။ ၎င်းကူးစက်ရောဂါများကိုလည်း ပြည်သူ့ကျန်းမာရေးအမြင်ဖြင့် စောင့်ကြည့်စစ်ဆေးကာကွယ်ကြရန် လိုအပ်သည်။

ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများသာမက စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအကူအညီများလည်း ပေးရန်လိုအပ်သည်။ နေရပ်စွန့်ခွာထွက်ပြေးလာရသူများအဖို့ သူတို့၏မိသားစုများ၊ ခင်တွယ်ရသူများ အသတ်ခံရခြင်း၊ အိမ်များမီးရှို့ခံရခြင်းကို မြင်တွေ့ခဲ့ကြရသည်။ ထိုအတွက် စိတ်ဒဏ်ရာအနာတရများ ခံစားနေကြရသည်။ ကြိုတင်ပြင်ဆင်မထားဘဲ ရုတ်တရက်ပေါ်ပေါက်လာသည့် အရေးအခင်းကြီးထဲတွင် ပျက်စီးဆုံးရှုံးမှုများစွာကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရသူများအတွက် စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှုများလည်း လိုအပ်နေသေးသည်။

ကျေးရွာများ မီးရှို့ဖျက်ဆီးခံရခြင်းကြောင့် ဒေသခံ ရွာသူ၊ ရွာသား အတော်များများသည် သက်သေခံအထောက်အထား လက်မှတ်များနှင့် ဆေးကုသမှုမှတ်တမ်းများ ပျောက်ဆုံးပျက်စီးကုန်သည်။ အင်တာနက်လိုင်းများ ဖြတ်တောက်ထားသည့်အတွက်လည်း ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာသွားရသည်။ ပိုင်ဆိုင်သမျှ အိုးအိမ်၊ တိရစ္ဆာန်၊ မှတ်တမ်းမှတ်ရာ အထောက်အထားစာရွက်စာတမ်းများနှင့် ငွေကြေးဥစ္စာပစ္စည်း ဘာဆိုဘာမှမကျန်ကြတော့ပေ။

အချို့သော ကယ်ဆယ်ရေးဝန်ထမ်းများက ကျေးရွာများတွင် ရှိနေသည့် HIV ပိုးရှိပြီး ART ဆေးသောက်နေရသူများကို လိုက်ရှာနေကြသည်။ ထိုသူများ ဆေးပြတ်လပ်၍မဖြစ်။ ကာယကံရှင်လူနာအတွက် ဆေးယဉ်ပါး HIV ပြဿနာဖြစ်နိုင်သကဲ့သို့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကိုလည်း HIV ပိုး ပြန်လည်ကူးစက်သွားစေနိုင်သည်။ ART ဆေးသောက်သုံးနေရသည့် သက်သေခံကတ်ပြားပျောက်ဆုံးနေသည့်တိုင်အောင် ကာယကံရှင်တို့ပြောပြသမျှ အထောက်အထားနှင့် ART ဆေးများကို ပြန်လည်ထုတ်ပေးပြီး သောက်သုံးစေသည်။ မဏိပူရပြည်နယ်တွင် ART ဆေးအခမဲ့ရရှိပြီး ပုံမှန်မှီဝဲနေရသူပေါင်း ၁၄၅၀၀ ရှိနေသည်။

ကျန်းမာရေးစနစ်ကြီးတစ်ခုထဲတွင် မတူကွဲပြားသည့် လုပ်ငန်းဆောင်တာများ၊ သဘောသဘာဝများရှိနေသည်။ ဒေသတွင်း မတည်မငြိမ်ဖြစ်သည့်အခါ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကြီးပါ ဖရိုဖရဲ ဖြစ်သွားသည်။ အချို့ကယ်ဆယ်ရေးအဖွဲ့များက လှုပ်ရှားဆေးကုသအဖွဲ့ငယ်များဖြင့် အခြေအနေတင်းမာသဲ ကျေးရွာများထိသွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည်။ ထိုအခါမျိုးတွင် အမုန်းပွားနေသည့် လူမျိုးစုနှစ်စုစလုံးမှ ကိုယ်စားလှယ်များကို အဖွဲ့ဝင်အဖြစ်ခေါ်ဆောင်သွားရလေ့ရှိသည်။ ထိုမှသာ အထင်အမြင်မှားပြီး ရန်ပြုခံရခြင်းမှ ရှောင်ကြဉ်နိုင်ပေလိမ့်မည်။

လက်ရှိ အရေးအခင်းများဖြစ်ပွားနေဆဲ မဏိပူရပြည်နယ်အတွက် လိုအပ်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုပုံစံများက ခွဲစိတ်ကုသမှုနှင့် ထိခိုက်ဒဏ်ရာကုသမှုလုပ်ငန်းများ၊ ကူးစက်တတ်သော၊ မကူးစက်တတ်သော နာတာရှည်ရောဂါများအတွက် ရေရှည်မှီဝဲရသည့် ဆေးဝါးများဖြစ်သည်။ အိမ်နီးချင်း ဆွေမျိုးနီးစပ် မဏိပူရပြည်နယ်အနေဖြင့် အကျပ်အတည်းကာလကို လျင်မြန်စွာကျော်ဖြတ်နိုင်ပြီး ဒေသခံပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များ ပုံမှန်အတိုင်းပြန်လည်လည်ပတ်နိုင်မည်လားဆိုသည်ကိုတော့ ဆက်လက်စောင့်ကြည့်ရန် ဖြစ်ပါကြောင်း။

**ကိုးကား**

- **Ethnic conflict hampering health servicesin Manipur, India by Dinesh C Sharma.**

**ဒေါက်တာလွှမ်းမိုးဟန်**

# ပေါက်ခေါင်းမြို့နယ်၌ VDP စီမံခန့်ခွဲမှုဆိုင်ရာနည်းနှင့် AVIP သင်တန်းဖွင့်

**ပေါက်ခေါင်း ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံကိန်းကော်မတီဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) စီမံချက်ရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များ၊ လူထုဗဟိုပြု လူမှုစီးပွားဘဝ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များ၊ ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေးအချက်အလက်များနှင့်စီမံကိန်းပံ့ပိုးရန်ပုံငွေသုံးစွဲရေးအစီအစဉ်နှင့်ပတ်သက်သည့် သင်ခန်းစာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ပဲခူးမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကတွတ်တောင်၊ သာယာကုန်း၊ လှည်းကြပ်၊ ဇီးတော၊ ကန်စု၊ ရွာရှည်၊ ဘွဲ့ပင်ကွင်း၊ ကျွဲတပေါင်းနှင့် အောင်မြင်ကုန်းကျေးရွာတို့မှ ကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) သင်ခန်းစာများကို တာဝန်ရှိသူများက ဇူလိုင် ၁၉ ရက်မှ ဇူလိုင် ၂၃ ရက်ထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

# အိပ်မက်ထဲကအိပ်မက် ရုပ်သံဇာတ်လမ်းတွဲ အတွဲ(၂)ကို Channel K မှ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် ဇူလိုင် ၂၀**

အိပ်မက်ထဲက အိပ်မက် ရုပ်သံဇာတ်လမ်းတွဲ အတွဲ(၂)ကို Channel K ရုပ်သံလိုင်းမှ ဇူလိုင် ၃၀ ရက်မှစတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင် သရုပ်ဆောင်ထားသူ သရုပ်ဆောင် ချောရတနာက ပြောပြ၍ သိရသည်။

အိပ်မက်ထဲကအိပ်မက် ရုပ်သံဇာတ်လမ်းတွဲသည် သက်ဦးမောင်၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ပြည့်ဖြိုးနိုင်က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကာ Channel K ရုပ်သံလိုင်းက ဇူလိုင် ၃၀ ရက်မှစတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ည ၇ နာရီတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲရဲ့ အတွဲ(၁)က ၂၀၂၂ ခုနှစ် ဩဂုတ်လတုန်းက Channel K ရုပ်သံလိုင်းကပဲ ထုတ်လွှင့်ခဲ့တာပါ။ အဲဒီဇာတ်လမ်းတွဲကို ကြည့်ရှုသူ တော်တော်များများက ကြိုက်ကြတဲ့အတွက် အတွဲ (၂) ကို ဆက်ရိုက်ဖြစ်ကြတာပါ။ ပထမတွဲမှာ ပါဝင်ခဲ့တဲ့သရုပ်ဆောင်တွေနဲ့ပဲ အပြောင်းအလဲမရှိ ဆက်လက်ရိုက်ကူးထားပါတယ်။ ပထမတွဲကို ကြိုက်ကြတဲ့ပရိသတ် ကျေနပ်စေမဲ့ ဇာတ်လမ်းတွဲလို့ပဲ ပြောချင်ပါတယ်"ဟု သရုပ်ဆောင် ချောရတနာက ပြောပြသည်။

အိပ်မက်ထဲကအိပ်မက် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဧညာဘုန်းပြည့်၊ ဘုန်းလျှံ၊ စစ်မင်းထက်၊ ဝိလျှံမင်းမြတ်၊ ချောရတနာ၊ သဇင်ထူးမြင့်နှင့် အခြားသရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။ ASH

# ဒါရိုက်တာ ခရစ္စတိုဖာနိုလန်က စူပါဟီးရိုး ဇာတ်ကားများရိုက်ကူးတော့မည်မဟုတ်ဟုပြော

**နယူးယောက် ဇူလိုင် ၂၀**

ကမ္ဘာကျော် ဒါရိုက်တာ ခရစ္စတိုဖာနိုလန်အနေဖြင့် စူပါဟီးရိုး ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးတော့မည်မဟုတ်ဟု ပြောကြားကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

ရုပ်ပြကာတွန်းအခြေခံ စူပါဟီးရိုး ဇာတ်ကားများ ရိုက်ကူးတော့မည်မဟုတ်ကြောင်း စူပါဟီးရိုးရုပ်ရှင် ဇာတ်ကားများရိုက်ကူးသော ပြင်သစ်ရုပ်ရှင်သတင်းထောက် ဟူဂိုဒီခရစ်နှင့်ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်း၌ ဒါရိုက်တာ ခရစ္စတိုဖာနိုလန်က အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ဒါရိုက်တာ ခရစ္စတိုဖာနိုလန်သည် ကမ္ဘာကျော် စူပါဟီးရိုး ဇာတ်ကားများဖြစ်သည့် Batman Begins၊ The Dark Night နှင့် The Dark Knight Rising ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

ဒါရိုက်တာ ခရစ္စတိုဖာနိုလန်သည် လက်ရှိတွင် အမေရိကန်သိပ္ပံပညာရှင် အိုပင်ဟိုင်းမား၏ ဘဝအတ္ထုပ္ပတ္တိဇာတ်ကားဖြစ်သော Oppenheimer ဇာတ်ကားကို ရိုက်ကူးပေးထားသည်။

Oppenheimer ဇာတ်ကားကို ဇူလိုင် ၂၁ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

KKO



# သရုပ်ဆောင် ထူးခန့်ကျော်မိသားစုက မြောက်ဥက္ကလာပမြို့နယ်ရှိ မွန်မြတ်စိတ်ထားတွယ်ရာမဲ့ဘိုးဘွားရိပ်သာသို့ အလှူငွေများ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၀**

သရုပ်ဆောင် ထူးခန့်ကျော် မိသားစုက ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ မွန်မြတ်စိတ်ထားတွယ်ရာမဲ့ ဘိုးဘွားရိပ်သာသို့ အလှူငွေကျပ် ၁၁ သိန်းကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက အဆိုပါဘိုးဘွားရိပ်သာသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် ထူးခန့်ကျော်က ပြောပြ၍ သိရသည်။

သရုပ်ဆောင် ထူးခန့်ကျော် မိသားစုက သမီးဖြစ်သူ မျိုးသန္တာကျော်၏ မွေးနေ့အလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ မွန်မြတ်စိတ်ထား တွယ်ရာမဲ့ဘိုးဘွားရိပ်သာသို့ ဘိုးဘွားများ တစ်ရက်စာ အာဟာရဒါနအဖြစ် ငွေကျပ် တစ်သိန်းနှင့် ဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ် ၁၀ သိန်း စုစုပေါင်း ၁၁ သိန်းကို လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။




"သမီးလေးရဲ့ မွေးနေ့အလှူအဖြစ် ဘိုးဘွားတွေအတွက် တစ်ရက်စာ အာဟာရဒါနအလှူငွေကျပ် တစ်သိန်းနဲ့ ဘိုးဘွားရိပ်သာအတွက် သီးသန့်အလှူငွေကျပ် ၁၀ သိန်း စုစုပေါင်း ၁၁ သိန်း လှူဒါန်းခဲ့ပါတယ်။ အရင်ကတည်းက လှူဖို့အစီအစဉ်ရှိပါတယ်။ အခုမှ လှူဖြစ်တာပါ။ ညီလေး အဆိုတော် ဖြိုးမြတ်အောင်က အားဖြည့်ပေးတာပါ"ဟု သရုပ်ဆောင် ထူးခန့်ကျော်က ပြောပြသည်။

သရုပ်ဆောင် ထူးခန့်ကျော်သည် လက်ရှိတွင် ရုပ်ရှင်နှင့်ဇာတ်လမ်းတွဲရိုက်ကူးရေးများ ခေတ္တရပ်နားထားပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နေအိမ်တွင် ဆေးဝါးကုသမှုများ ပြုလုပ်ပေးနေကြောင်း သိရသည်။ ASH

# ဒါရိုက်တာ ဂျွန်ဝူး The Killer ဇာတ်ကားသစ်ရိုက်ကူးမှု စတင်နေ

**နယူးယောက် ဇူလိုင် ၂၀**

ကမ္ဘာကျော် တရုတ်ဒါရိုက်တာ ဂျွန်ဝူးသည် The Killer (1984) ဇာတ်ကား ပြန်လည်ဆန်းသစ်ရိုက်ကူးမှုကို စတင်နေပြီဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁၉ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိတွင် The Killer ဇာတ်ကားရိုက်ကူးရေးအတွက် ပြင်သစ်နိုင်ငံ ပဲရစ်မြို့သို့ရောက်ရှိနေကြောင်း ဒါရိုက်တာ ဂျွန်ဝူးက လူမှုမီဒီယာပေါ်တွင် အတည်ပြုထားသည်။

ဂန္ထဝင်ဟောင်ကောင်အက်ရှင် ဇာတ်ကားဖြစ်သည့် The Killer ဇာတ်ကားသည် ဒါရိုက်တာ ဂျွန်ဝူး ရိုက်ကူးခဲ့သောဇာတ်ကားဖြစ်သည်။

မင်းသား ချောင်ယွန်ဖတ်၊ ဒန်နီလီနှင့် မင်းသမီး ဆယ်လီယေးတို့ ပါဝင်သရုပ်ဆောင်ခဲ့သည့် မူလ The Killer ဇာတ်ကားသည် ဂျွန်ဝူး၏ အအောင်မြင်ဆုံးရုပ်ရှင်ဇာတ်ကားများထဲတွင် ပါဝင်ပြီး ဂျွန်ဝူး၏ The Killer ဇာတ်ကားသစ်တွင် Jurassic World Dominion မင်းသား အိုမာဆိုင်းနှင့် Fast X မင်းသမီး နာတာလီအီမန်နျူရယ်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

The Killer ဇာတ်ကားကို Peacock မူလရုပ်ရှင်အဖြစ် Peacock အွန်လိုင်းရုပ်သံလိုင်းက ထုတ်လွှင့်ပြသမည်ဖြစ်သည်။ KKO

# အောင်မြတ်သာနှင့်ကြောင်မျက်ရှင် ရုပ်သံဇာတ်လမ်းကို Channel K နှင့် Shwe Stream You Tube Channel မှ ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဇူလိုင် ၂၀**


အောင်မြတ်သာနှင့် ကြောင်မျက်ရှင် ရုပ်သံဇာတ်လမ်းကို Channel K ရုပ်သံလိုင်းနှင့် Shwe Stream You Tube Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ သီဟမင်းညီက ပြောပြ၍ သိရသည်။

အောင်မြတ်သာနှင့် ကြောင်မျက်ရှင် ရုပ်သံဇာတ်လမ်းကို ထက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် စာရေးဆရာ ဇေယန(ရာမည)၏ ဝတ္ထုကို ဖိုးကျော်(သန့်လျင်)က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ သီဟမင်းညီက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းကလဲ အောင်မြတ်သာ စီးရီးထဲက ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ အောင်မြတ်သာနှင့် ကြောင်မျက်ရှင် အစွမ်းရှိသူတို့ကြား ဘယ်လိုထူးထူးဆန်းဆန်းအကြောင်းအရာတွေ ဖြစ်လာမလဲဆိုတာ အောင်မြတ်သာနှင့်ကြောင်မျက်ရှင်မှာ ကြည့်ရှုခံစားရမှာပါ။ အောင်မြတ်သာ ရုပ်သံဇာတ်လမ်းတွေကတော့ မေ ၃၁ ရက်ကတည်းက Channel K ရုပ်သံလိုင်းနှင့် Shwe Stream You Tube Channel ရုပ်သံလိုင်းကနေ တစ်ပိုင်းချင်း ထုတ်လွှင့်နေပါတယ်။ ပရိသတ် အားပေးကြတဲ့အတွက် ဇာတ်လမ်းတွဲလို ကြည့်နိုင်အောင် ဆက်တိုက် ထုတ်လွှင့်ပေးနေတာဖြစ်ပါတယ်။ ဒီဇာတ်လမ်းကိုတော့ ဇူလိုင်လနောက်ဆုံးပတ်အတွင်းမှာ Shwe Stream You Tube Channel နဲ့ Channel K မှာ ပြသပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ သီဟမင်းညီက ပြောပြသည်။

အဆိုပါ အောင်မြတ်သာနှင့် ကြောင်မြတ်ရှင် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် စစ်နိုင်၊ လင်းအောင်၊ မျိုးကို၊ စိုင်းသီဟ၊ စိုပြေ၊ စိမ်းလန်း၊ သံစဉ်ချို စသည့် သရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH





# Work coordination meeting on holding ceremonies to consecrate Maravijaya Buddha Image, hoist umbrellas of stone tablet pagodas and share merits on fullmoon day of second Waso (Dhammacakka Day) 1386 ME held



Vice-Senior General Soe Win addresses the work coordination meeting.

**Nay Pyi Taw July 20**

A work coordination meeting on consecration of Maravijaya Buddha Image, which will become the tallest stone Buddha Statue in the seated posture in the world, on the fullmoon day of second Waso (Dhammacakka Day) 1386 ME (1 August 2023) and on the a ceremony to hoist umbrellas on top of stone tablet pagodas and share merits was held this morning at temporary briefing hall on the platform of Maravijaya Buddha Image in Nay Pyi Taw, addressed by Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were Advisor to SAC Chairman Lt-Gen Nyo Saw, Union Minister for Construction U Myo Thant, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, directors general and officials.

The Vice-Senior General said the meeting is held for the success of the consecration of Maravijaya Buddha Image, located on Thaephyu hillock, Dekkhinathiri Township, Nay Pyi Taw Council Area, the umbrella hoisting ceremony and the merit sharing ceremony.

The noble objectives of erecting the Image are: to show the world that Theravada Buddhism is flourishing well in Myanmar, for the country, Myanmar, to become the centre of Theravada Buddhism, for national peace and prosperity, and for global peace and tranquility. The starting point of the Image is at the Sakyin Hill near, Sakyin village in MadayaTownsip, Mandalay Region. A huge marble boulder was found on 18 September 2013 at the block mined by Anglo Mining Co.LTD. **The company donated the boulder to Shwe Foundation to turn it into a Buddha Image for public obeisance. Shwe Foundation transferred the boulder to Tatmadaw, which is imbued with efficient human resources to carve it into a Buddha Image.** A 228-acre land plot was also transferred for the project.

After a team from Tatmadaw examined the marble boulder on 8 September 2017, eight action plans were adopted. A decision was made to mine the marble boulder in October 2018, cut the boulder into a four dimensional shape in December, carve the boulder in four different parts after calculating the Image's measurements in March 2019, carve the Throne in five different parts, and convey the boulder in parts. The mining work took 21 months from December 2018 to June 2020. The parts were transported to Nay Pyi Taw by water vessels from July 2020 to September and by road from January to April 2021. The work of connecting the parts of the Throne was conducted from October to December 2021, CNC carving of the parts of the Image from September 2021 to March 2022, the work of connecting the parts of the Image from April to August 2022, the work of connecting the parts 1,2 and 3 of the Image from September to October 2022, the work of installing Gantry Tower Crane to convey the connected parts, 1,2 and 3, from June 2022 to January 2023, the work of putting the connected parts, 1,2 and 3, by the Gantry Tower Crane from 26 to 31 January 2023, the work of conveying and putting the part 4 on the Throne from 11 to 13 February 2023, final touches and painting process from 14 February to 31 July 2023, and the work of installing the holy single strand of hair on 1 May 2023.

Officials and well-wishers made utmost efforts to overcome all severe challenges including the terrible impacts of COVID-19 from the time of driving stakes for the bejewelled throne of the Buddha image to the consecration till the fullmoon day of second Waso (Dhammacakka Day) on 1 August 1385 ME during the 1,143 days. As a result, Buddhists across the world, intellectuals and intelligentsia, researchers, the world's heaviest weight and tallest marble Maravijaya Buddha image across and Myanmar people will have the chance to pay homage to the Buddha image on Thebyu Hillock in Dekkhinathri Township in Nay Pyi Taw Council.

**Two stone plaques each bearing Vinaya, Abhidhamma and Sutta preached by the Lord Buddha Gotama within 45 years will be kept in 720 stone plaque chambers comprising 96 chambers for Vinaya, 216 chambers for Abhidhamma and 408 for Sutta. These treatises were carved in Pali and Romanized languages from 16 March to 30 June 2022.** Carving the inscription was done by computerized machinery from 13 May 2022 to 29 January 2023. The stone plaques were erected from 11 August 2022 to 30 January 2023. Significantly, **all tasks were done by Myanmar Engineering Council and military engineers only from the start of eight tasks to the completion of the process.**

As only Myanmar engineers without any foreigner experts worked all process, the Maravijaya Buddha image and the Buddha image emerged wonderfully. So, Chairman of SAC Prime Minister Senior General Min Aung Hlaing, the leading donor, on 29 June 2023, explained the process of emergence to 280 persons including religious title recipients, officials from local banks and companies, those from UMFCCI, metal companies, local TV channels and telecom operations on 29 June 2023. For the second time, the Senior General made one more clarification on work process for finding the marble rock, excavation and consecration ceremony to Pro Tem President U Myint Swe, President (Retied) U Thein Sein, retired senior military officers and their wives, Union ministers, chief ministers of regions and states, senior military officers and their wives, totaling 51 on 16 July. The attendees donated more than K16 billion to the fund for the Image in the first and second time ceremonies. As such, they will be founders for the Buddha image and the Buddha park before holding the consecration and merit-sharing ceremony for the Buddha image and religious buildings of the park. Hence, the Vice-Senior General notified all attendees of enjoying the consequences of the meritorious deeds for the consecration and hoisting umbrellas atop the small pagodas on the stone plaque chambers.

The Vice-Senior General disclosed that the Head of State will hold the third clarifications on the emergence of the Buddha image, the stone plaque chambers and religious edifices in the Buddha park to more well-wishers and disciples as well as Sasana Nuggaha title recipients who were not involved in the list of attending the first and second clarifications, and such clarification will be held on 23 July 2023 (Sunday).

Therefore, the SAC formed the leading committee and nine sub-committees on 18 July, 2023 to successfully hold state-level auspicious ceremonies to consecrate the Maravijaya Buddha Image, which was carved into the Bhumiphassa style of the Yadanabon Era (the image and the plinth are 63 feet and 18 feet high respectively, totalling 81 feet while the image and the plinth weigh 1,782 tons and 3,501 tons respectively, totalling 5,292 tons), to hoist umbrellas atop stupas for stone inscriptions built with the noble aim of establishing a world's Buddhism library and to share merits for religious edifices constructed in the Buddha Park. As the date for ceremonies has drawn near, respective subcommittees are required to make preparations, to carry out remaining tasks, to coordinate assistance from the central committee and to rehearse arrangements day and night concertedly.

Respective sub-committees are also required to make detailed arrangements to enable members of the Sangha and guests including Sayadaws from other countries, local senior Sayadawss, union-level officials, union ministers, officials from respective ministries and *See Page 13*

# Plans to conduct researches on costumes in Pyu era, gene and lifespan of Pyu people


Photo shows part of the ancient Pyu city.

**Nay Pyi Taw July 20**

The Department of Archaeology and National Museum decided to conduct researches on costumes in Pyu era, gene and lifespan of Pyu people, said director U Aung Aung Kyaw of the department.

The Ministry of Religious Affairs and Culture has formed the Pyu generation research supervisory body and the Pyu generation field research team in order to make researches on calculation of the lifespan of Pyu people and their costumes.

"The deputy director general of our department leads a research officer team in varying literary evidences, field research reports, excavation findings and stone inscriptions related to Pyu people. And then, we gather the evidences. In the future, we have a plan to hold the workshop with participation of experts from the department and those from Myanmar Historical Commission. Such a workshop will be a tool to seek the best solutions for the research," said the director.

Moreover, experts from the department will make field trips to the ancient Pyu city states so as to conduct researches on genetic situations of Pyu people in Stone Age, Bronze Age, Iron Age and Pyu Era successively to be compared with genes of current humans. Moreover, research will be conducted at ancient Pyi cities and the sites in Iron and Bronze ages for doing the Pyu generation research.

As such a research is a national level task, the records will be set with the process from the start to the end. ASH

# More than 230,000 tons of maize sent to China, Thailand, RP in June to earn more than 71 million USD

**Nay Pyi Taw July 20**

The Ministry of Commerce recently stated more than 230,000 tons of maize worth more than US$71 million was exported to China, Thailand and the Philippines in June.

Generally, Myanmar sends maize to Vietnam, Bangladesh, Thailand, China, the Philippies, Singapore and Japan. Of them, Myanmar exports 231,316 tons of maize to China, Thailand and the Philippines in June to earn US$72.129 million.

In this regard, export of 10,099 tons of maize worth US$31.166 million flowed to customer countries in shipping and 130,326 tons worth US$39.863 million through land borders.

The stocks were sent to Thailand and the Philippines by shipping and to China and Thailand along borders.

Thailand does not purchase maize in its maize harvesting season but purchases maize outside the harvesting period. So, Thailand buys maize from Myanmar from February to the end of August with zero per cent of tariff.

During the period from September to January, Myanmar's maize faces 72 per cent of tariff in Thailand. 336


Sheaves of maize.

# Myanmar, American merchants to cooperate in development of economy, personal skills, international relations

**Yangon July 20**

Myanmar and American merchants will be cooperating on the development of economy, personal skills and international relations, according to the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI).

A meeting between members of the UMFCCI and Junior Chamber International based in the United States took place at the UMFCCI headquarters on 19 July, said UMFCCI President U Aye Win.

"We discussed cooperation on three major sectors namely economy, personal skills and international relations including seeking ways to ensure sustainable development between UMFCCI and JCI Myanmar. We also discussed holding business matchings between the two sides," he said.

There will also be cooperation between the Myanmar and US merchants in sending young trainees and entrepreneurs to seminars and courses yearly held by JCI at its branches in various countries.

ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 12*

well-wishers to share merits in peace of mind from the beginning to the end of the ceremonies and to meditate on their donations in elation. Officials, who are not members of sub-committees, are also urged to make suggestions and point out requirements based on their experience. It is of greatest importance to hold the auspicious ceremonies successfully. Therefore, respective sub-committees are required to discuss completion of tasks, remaining tasks and needs frankly. Security measures before, during and after the ceremonies must be reviewed from various perspectives and carried out systematically.

After holding ceremonies to consecrate the Buddha image, hoist umbrellas atop stupas for stone inscriptions and share merits, any member of the public who has undergone security checks will be allowed to pay obeisance to the Buddha image free of charge until 16 August to mark the success of the auspicious ceremonies. It is necessary to submit proposed arrangements and seek the approval for them to allow pilgrims to pay obeisance to the Buddha image by paying charges in accordance with international practices.

Then, U Thura, an expert from the Department of Religious Affairs, reported to the Vice Senior General on arrangements for the ceremonies to consecrate the Buddha image, to hoist umbrellas atop stupas and to share merits while Quartermaster General Lt-Gen Kyaw Swar Lin reported to the Vice Senior General on preparations to hold the ceremonies successfully. Director General U Myo Nyunt Aung of the Religious Affairs Department reported to the Vice Senior General on invitations extended to members of the Sangha.

Afterward, officials of the invitation sub-committee, the reception sub-committee, the transportation sub-committee, preparation sub-committee, the organizing sub-committee, catering sub-committee, health sub-committee, the security sub-committee and information sub-committee reported to the Vice Senior General on completion of tasks and measure to be taken for the successfully holding the ceremonies and Advisor to the Chairman of the SAC Lt-Gen Nyo Saw, Union Minister U Myo Thant and officials made supplementary reports to the Vice Senior General.

After hearing the reports, the Vice-Senior General coordinated the needs concerning the reports and the meeting concluded with remarks by the Vice-Senior General. 100

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဆော်ဒီအာရေဗျနိုင်ငံက တူရကီထုတ် ဒရုန်းများဝယ်ယူရန် Baykar ကုမ္ပဏီနှင့် လက်မှတ်ရေးထိုး



ဆော်ဒီအာရေဗျနိုင်ငံသည် တူရကီထုတ်ဒရုန်းများ ဝယ်ယူရန် Baykar ကုမ္ပဏီနှင့် လက်မှတ်ရေးထိုးခဲ့ကြောင်း တူရကီသမ္မတ Recep Tayyip Erdogan က ဇူလိုင် ၁၈ ရက်တွင် ပြောကြားခဲ့သည်။

ပုဂ္ဂလိကပိုင် Baykarကုမ္ပဏီနှင့်ဒရုန်းဝယ်ယူရေးသဘောတူစာချုပ်အပါအဝင် စာချုပ်အများအပြားကို တူရကီသမ္မတ Recep Tayyip Erdogan နှင့် ဆော်ဒီအိမ်ရှေ့မင်းသား Mohammed Bin Salman တို့ ဇူလိုင် ၁၇ ရက်က Jeddah ဆိပ်ကမ်း ပင်လယ်နီတွင်တွေ့ဆုံစဉ် လက်မှတ်ရေးထိုးခဲ့ကြောင်း ဆော်ဒီသတင်းအေဂျင်စီ (SPA)က ပြောကြားခဲ့သည်။

အဆိုပါ သဘောတူညီချက်စာချုပ်သည် တူရကီနိုင်ငံသမိုင်းတွင် အကြီးမားဆုံးသော ကာကွယ်ရေးနှင့် လေကြောင်းဆိုင်ရာ တင်ပို့ရောင်းချမှုစာချုပ်တစ်ရပ်ဖြစ်သည်ဟု တူရကီသမ္မတ Recep Tayyip Erdogan ၏ သမက်တစ်ဦးနှင့်အတူ ပူးတွဲလုပ်ဆောင်နေသည့် ဒရုန်းထုတ်လုပ်ရေး ကုမ္ပဏီ CEO ဖြစ်သူ Haluk Bayraktar က တွစ်တာတွင် ရေးသားထားကြောင်း သိရသည်။

ဝယ်ယူရေးသဘောတူညီချက်၏တန်ဖိုးကို လူသိရှင်ကြားထုတ်ပြန်ခြင်းမရှိသေးပေ။ မေလရွေးကောက်ပွဲတွင် နောက်ထပ်ငါးနှစ်သက်တမ်းကိုအနိုင်ရခဲ့သော တူရကီသမ္မတ Recep Tayyip Erdogan သည် တူရကီနိုင်ငံ၏ စီးပွားရေးကျဆင်းနေမှုကို ထောက်ကူပင့်တင်ရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ပင်လယ်ကွေ့ခရီးစဉ်ကိုစတင်ခဲ့ပြီး ဆော်ဒီအာရေဗျသို့ ရောက်ရှိလာခဲ့သည်။

တူရကီနိုင်ငံခေါင်းဆောင်က ဇူလိုင် ၁၈ ရက်တွင် အိမ်နီးချင်း ကာတာနိုင်ငံသို့ သွားရောက်ခဲ့သည်။ ဇူလိုင် ၁၇ ရက်က Jeddah မြို့တွင် ဆော်ဒီ-တူရကီ စီးပွားရေးဖိုရမ်ကိုတက်ရောက်ခဲ့ပြီးနောက် Erdogan နှင့် အိမ်ရှေ့မင်းသားMohammedတို့သည် ၎င်းတို့၏တွေ့ဆုံမှုတွင် ပူးပေါင်းဆောင်ရွက်မှုအတွက် အနာဂတ်အလားအလာများကို ဆွေးနွေးခဲ့ကြကြောင်း SPA သတင်းတွင် ဖော်ပြထားသည်။

အဆိုပါ ခေါင်းဆောင်နှစ်ဦးသည် စွမ်းအင်၊ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ ကာကွယ်ရေးနှင့် မီဒီယာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ဆော်ဒီအာရေဗျနိုင်ငံမှ တာဝန်ရှိသူများသည် တူရကီကုမ္ပဏီ Baykar နှင့် စာချုပ်နှစ်ခုကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း SPA သတင်းတွင် ဖော်ပြထားသည်။

Baykar ကုမ္ပဏီက ထုတ်လုပ်သောဒရုန်းများကို အဇာဘိုင်ဂျန်၊ လစ်ဗျားနှင့် ယူကရိန်းတို့တွင် အသုံးပြုခဲ့သည်။ ဆော်ဒီအာရေဗျသည် နိုင်ငံတော်၏လက်နက်ကိုင်တပ်ဖွဲ့များ တိုက်ပွဲဝင်အသင့်ဖြစ်မှု၊ ၎င်း၏ကာကွယ်ရေးနှင့် ကုန်ထုတ်လုပ်မှုစွမ်းရည်ကိုမြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် ဒရုန်းများကို ဝယ်ယူမည်ဖြစ်ကြောင်း ဆော်ဒီကာကွယ်ရေးဝန်ကြီး Prince Khalid Bin Salman က ဇူလိုင် ၁၈ ရက်တွင် ပြောကြားခဲ့သည်။

ဆော်ဒီကာကွယ်ရေးဝန်ကြီး Prince Khalid Bin Salman က မည်သည့်ဒရုန်းအမျိုးအစားကို ဝယ်ယူမည်ဆိုသည်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသော်လည်း အမည်မဖော်လိုသူ အာရပ်သံတမန်တစ်ဦးက Baykar ကုမ္ပဏီထုတ် TB2မော်ဒယ်အမျိုးအစားဖြစ်ကြောင်း SPA သတင်းဌာနသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လက ကူဝိတ်နိုင်ငံသည် TB2 ဒရုန်းများဝယ်ယူရန် အမေရိကန်ဒေါ်လာ ၃၆၇ သန်းတန် သဘောတူညီချက်ကို ချုပ်ဆိုနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အစ္စတန်ဘူလ် ကောင်စစ်ဝန်ရုံးတွင် ၂၀၁၈ ခုနှစ်အတွင်း ဆော်ဒီသတင်းထောက် Jamal Khashoggi သတ်ဖြတ်ခံရမှုကြောင့် တူရကီနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာခဲ့ပြီးနောက် တူရကီသမ္မတ Erdogan သည် ဆော်ဒီအာရေဗျနိုင်ငံသို့ ဒုတိယအကြိမ်လာရောက်ခဲ့ခြင်းဖြစ်သည်။

တူရကီနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာသဖြင့် တူရကီသမ္မတ Erdogan သည် ၂၀၂၂ ခုနှစ် ဧပြီလက ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်ခဲ့ပြီး ဆော်ဒီအိမ်ရှေ့မင်းသား Mohammedသည် ယခင်နှစ်ဇွန်လက တူရကီနိုင်ငံသို့သွားရောက်ခဲ့သည်။

**Saudi Deal for Turkish Drones During Erdogan Visit ကို ဘာသာပြန်ဆိုထားပါသည်။**

## Kongsberg Protech Systems USA က ပေါင်းစည်းလေကြောင်းရန်ကာကွယ်ရေးစနစ်ကို ရာနှုန်းပြည့်ထုတ်လုပ်နိုင်ခဲ့



Kongsberg Protech Systems USA ကုမ္ပဏီသည် အမေရိကန်နိုင်ငံမရိန်းတပ်ဖွဲ့၏ ပေါင်းစည်းလေကြောင်းရန်ကာကွယ်ရေးစနစ် (MADIS) Remote Weapon Station (RWS) ကို ရာနှုန်းပြည့်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ဇူလိုင် ၁၈ ရက်က The Defense Post တွင် ဖော်ပြထားသည်။

ကုမ္ပဏီသည် ၂၀၂၀ ခုနှစ်မှစတင်၍ အမေရိကန်မရိန်းတပ်ဖွဲ့နှင့် အမေရိကန်ဒေါ်လာ ၉၄ သန်းဖိုးရှိ သဘောတူစာချုပ်အရ အဆိုပါစနစ်ကို ထုတ်လုပ်နေခြင်းလည်းဖြစ်သည်။

အချိန်ကာလအားဖြင့် ငါးနှစ်စာချုပ်တွင် စနစ်အရေအတွက် အနည်းငယ်ပါရှိမည့် ကနဦးထုတ်လုပ်ခြင်းများ (Low-rate Initial Production Systems)နှင့် ရာနှုန်းပြည့်ထုတ်လုပ်ခြင်း (Full-Rate Production Units)တို့ ပါဝင်ကြောင်း သိရသည်။

မရိန်းတပ်ဖွဲ့သည် Force Design 2030 ကို ပံ့ပိုးပေးနိုင်ရေး အချိန်မီထုတ်လုပ်နိုင်စေရန်အတွက် ရေရှည်ထုတ်လုပ်ရမည့် ထုတ်ကုန်ပစ္စည်းများ မှာယူမှုများနှင့်အတူ ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်ဟု Kongsberg Protech Systems USA ကုမ္ပဏီမှ MADIS ပရောဂျက်မန်နေဂျာ William Dixon က ပြောကြားခဲ့သည်။

အဝေးမှထိန်းချုပ် လုပ်ဆောင်နိုင်သော လက်နက်စခန်းများအတွက် ရာနှုန်းပြည့်ထုတ်လုပ်ရေးအဆင့်သို့ ရောက်ရှိလာသည်နှင့်အမျှ မရိန်းတပ်သားများ၏စွမ်းရည်များမြှင့်တင်ရန် စနစ်တွင်ထည့်သွင်းနိုင်သည့် အပိုဆောင်းနည်းပညာများကိုလည်း ဆွေးနွေးနေကြောင်း William Dixon က ထည့်သွင်းပြောကြားခဲ့သည်။

MADIS သည် Stinger တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် ယာဉ်တင် မိုဘိုင်းရေဒါများအပါအဝင် မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အဆင့်မြှင့်တင်ရန် အမေရိကန် မရိန်းတပ်ဖွဲ့၏ကြိုးပမ်းလုပ်ဆောင်မှု တစ်စိတ်တစ်ပိုင်းလည်း ဖြစ်ကြောင်း သိရသည်။

အဆိုပါစနစ်တွင် ပူးပေါင်းစစ်ဆင်ရေးသုံး နည်းဗျူဟာမြောက် ယာဉ်တင်စနစ် (Joint Light Tactical Vehicle-mounted Complementary System) များဖြစ်သည့် MADIS Mk1 နှင့် Mk2 တို့ ပါဝင်ဖွဲ့စည်းသွားမည်ဖြစ်သည်။

Mk1 စနစ်တွင် 30mm လေယာဉ်ပစ်အမြောက်၊ စက်သေနတ် တစ်လက်နှင့် Stinger မြေပြင်မှဝေဟင်ပစ်လောင်ချာများပါရှိသည်။ ၎င်း၏အဓိကတာဝန်မှာ ရဟတ်ယာဉ်များနှင့်တိုက်လေယာဉ်များကဲ့သို့သော Rotary နှင့် Fixed-Wing တပ် ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးရန်ဖြစ်သည်။

Mk2 စနစ်သည် တန်ပြန်ဒရုန်းအခန်းကဏ္ဍအတွက် အသုံးပြုသွားမည်ဖြစ်ပြီး ရေဒါနှင့်အမိန့်ပေး၊ ထိန်းချုပ်မှုစနစ်တို့ဖြင့် ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

**US Marine Corps New Air Defense System Hits Full Rate Production ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း၂၈၆၂၃ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၃၇၇၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၈၆၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြို့နယ်အလိုက် မိုးနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၂၄၇၃၆ ဧက၊ မြင်းမူမြို့နယ်တွင် ၃၇၉၅ ဧကနှင့် မြောင်မြို့နယ်တွင် ၉၂ ဧက စုစုပေါင်း ၂၈၆၂၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

“ဒီနှစ် စစ်ကိုင်းခရိုင်မှာ မိုးနှမ်း ဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတယ်။ လက်ရှိအချိန်ထိတော့ မိုးနှမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးနေပြီ။ ဆက်လက် စိုက်ပျိုးနေကြပါတယ်။ လျာထားချက်ပြည့်မီအောင်တော့ စိုက်ပျိုးသွားမှာပါ။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်”ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြို့နယ်အလိုက် မိုးနှမ်းစိုက်ပျိုးရန် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၂၄၆၃၂ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၁၉၀၅၀ နှင့် မြောင်မြို့နယ်တွင် ၉၁ ဧက စုစုပေါင်း ၄၃၇၇၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးနှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAPစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# သရက်မြို့နယ် ဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သရက် ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဇီးတောကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင် ၁၉ ရက် ညနေပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၆၅ ဒသမ ၉၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးအား ငွေကျပ် ၂၄၈ ဒသမ ၉၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀ အား ငွေကျပ် ၂၁၇ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၃ ဦးအား ငွေကျပ် ၄၆၅ ဒသမ ၉၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ခင်မာ**

# သိန်းနီမြို့နယ် မန်ဆာမိုင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သိန်းနီ ဇူလိုင် ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် မန်ဆာမိုင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သိန်းနီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရာဇာအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသော ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေး ဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်က ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးသည်။

သိန်းနီမြို့နယ် မန်ဆာမိုင်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၀-၇-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၅၀၀/၈၆၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၈၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၀**

၂၀၂၃ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် ဗိုဗီနမ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမွှထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသာဌေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဗိုဗီနမ်အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ ဓားမြှောင်ပါ အပြပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦး၊ အမျိုးသား သုံးဦး လက်နက်ပါ အပြပြိုင်ပွဲနှင့် ဗိုလ်လုပွဲစဉ်များဖြစ်သည့် အမျိုးသမီး ၆၅ ကီလိုပြိုင်ပွဲနှင့် အမျိုးသား ၅၅ ကီလိုပြိုင်ပွဲများကို ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါ်နုမြဇင်နှင့် ဒေါက်တာဝါဝါမောင်တို့က အမျိုးသား ၅၅ ကီလိုပြိုင်ပွဲနှင့် အမျိုးသမီး ၅၅ ကီလိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသိန်းဇံ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာချာလီသန်းနှင့် ဦးကိုကိုလှိုင်တို့က အမျိုးသား ကီလို ၆၀ ပြိုင်ပွဲ၊ အမျိုးသမီး ကီလို ၆၀ ပြိုင်ပွဲ၊ အမျိုးသား ၆၅ ကီလိုပြိုင်ပွဲနှင့် အမျိုးသမီး ၆၅ ကီလိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသာဌေးက အမျိုးသား လက်သိုင်းအပြပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရန်ကျော်၊ ဦးရွှေကြိမ်း၊ ခွန်စံလွင်၊ ဒေါက်တာကျော်ထွန်းတို့က အမျိုးသမီးလက်သိုင်းအပြပြိုင်ပွဲ၊ အမျိုးသမီးတစ်ကိုယ်တော် ဓားတစ်လက်ပြိုင်ပွဲ၊ အမျိုးသား တစ်ကိုယ်တော်တုတ်ရှည်ပြိုင်ပွဲနှင့် အမျိုးသမီး နှစ်ယောက်တွဲ ဓားတစ်လက်အတိုက်ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာအောင်ကျော်မင်း၊ ဦးမောင်ကိုနှင့် ဒေါက်တာမွှထန်တို့က အမျိုးသား နှစ်ယောက်တွဲဓားရှည်လက်နက်မဲ့ပြိုင်ပွဲ၊ အမျိုးသား၊အမျိုးသမီး နှစ်ယောက်တွဲ ဓားမြှောင်ပါ အပြပြိုင်ပွဲနှင့် အမျိုးသမီး တစ်ဦး၊ အမျိုးသား သုံးဦး လက်နက်ပါအပြပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဆုတံဆိပ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်းက အမျိုးသား အကောင်းဆုံးအားကစားသမားဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်ကျော်ဇင်မောင်နှင့် အမျိုးသမီး အကောင်းဆုံးအားကစားသမားဆုရ ချင်းပြည်နယ်မှ အိအိမွန်တို့ကို ဆုတံဆိပ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ဒွဲဘူက အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ အမျိုးသမီး တံခွန်စိုက်ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့ကို တံခွန်စိုက်ဆုဖလားပေးအပ်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း၊ အားကစားသမားစုစုပေါင်း ၂၂၁ ဦးတို့ဖြင့် ဇူလိုင် ၁၇ ရက်မှ ယနေ့ထိကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရောဂါပိုးကူးစက်ပြန့်ပွားမှုကာကွယ်ရေး၊ ဆေးရုံများ၏ဥပဓိရုပ် ကောင်းမွန်စေရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၂၀**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ ခရိုင်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး အရေးပေါ်ဌာန၊ ပြင်ပလူနာဌာန၊ လူနာဆောင်များ၊ ဓာတ်မှန်ခန်းနှင့် ဓာတ်ခွဲခန်းများကို လှည့်လည်ကြည့်ရှု၍ လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုစစ်ဆေးကာ လူနာများကို အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်၊ အထူးကုဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကုသမှုအရည်အသွေးကောင်းမွန်စေရေးအတွက် နိုင်ငံတော်အစိုးရက ဘဏ္ဍာငွေများစွာ စိုက်ထုတ်သုံးစွဲလျက်ရှိရာ ထိရောက်စွာ အသုံးပြုကြစေလိုကြောင်း၊ လိုအပ်ချက်များကိုလည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် စိစစ်ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရောဂါပိုးကူးစက်ပြန့်ပွားမှုကာကွယ်ရေး၊ ဆေးရုံများ၏ဥပဓိရုပ်ကောင်းမွန်စေရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကြို့ပင်ကောက်မြို့ ပြည်သူ့ဆေးရုံ၌ တိုးချဲ့နှစ်ထပ်ဆောင်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇီးကုန်းမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်ပြီး လူနာဆောင်များ၊ ဓာတ်ခွဲနှင့်ဓာတ်မှန်ဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများကို အားပေးစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နတ်တလင်းမြို့ ပြည်သူ့ဆေးရုံ၌ ခွဲစိတ်ခန်းပါ တိုးချဲ့နှစ်ထပ်ဆောင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးဆောက်လုပ်ရေးအဖွဲ့(၁)နှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်မြို့ ခုတင်၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိကာ မြို့နယ်ပြည်သူ့ကျန်းမာရေး၊ ကုသရေးဦးစီးဌာနမှူးများနှင့် တွေ့ဆုံ၍ မြို့နယ်အဆင့်ဆေးရုံများဖြစ်သည့် ၂၅ ခုတင်ဆံ့နှင့် ခုတင် ၅၀ ဆံ့ဆေးရုံများအားလုံးတွင် အခြေခံအဆောက်အအုံများ၊ ရောဂါရှာဖွေရေးလုပ်ငန်းများဖြစ်သည့် ဓာတ်ခွဲ၊ ဓာတ်မှန်လုပ်ငန်းများအပါအဝင် အခြေခံ ကျန်းမာရေးဝန်ဆောင်မှုများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး မြို့နယ်အဆင့် ဆေးရုံတိုင်းတွင် မြို့နယ်ဆရာဝန်များ၊ သွားနှင့် ခံတွင်းဆရာဝန်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ထို့ပြင် အချက်အချာကျသည့်တိုက်နယ်ဆေးရုံများတွင်လည်း ဆရာဝန်များဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ဖြည့်ဆည်းနိုင်ရန်အတွက် အခြေခံကျန်းမာရေးဝန်ထမ်းများကိုလည်း ထပ်မံတိုးချဲ့ ခန့်ထားပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ နိုင်ငံရေးပါတီ ခုနစ်ပါတီကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇူလိုင် ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သော ပဲခူးတိုင်းဒေသကြီးနယ်မြေအခြေစိုက် ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၊ ရန်ကုန်တိုင်းဒေသကြီးနယ်မြေ အခြေစိုက် ပြည်သူ့အလုပ်သမားပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (Myanmar Farmers Development Party)၊ ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)၊ ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်နှင့် ဧရာဝတီတိုင်းဒေသကြီးနယ်မြေအခြေစိုက် ကရင်ပြည်သူ့ပါတီ (KPP)တို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့လွှတ်တော်အဆောက်အအုံရှိ ပုလဲခန်းမ၌ တွေ့ဆုံ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို စစ်ဆေးသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများအနေဖြင့် ထုတ်ပြန်ထားရှိသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်၊ ဥပဒေအရသတ်မှတ်ထားသည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း စုစည်းရမည့်ပါတီဝင်အင်အားပြည့်မီအောင် စုဆောင်းရေးနှင့်ရက်ပေါင်း ၁၈၀ အတွင်း ဖွင့်လှစ်ရမည့် နိုင်ငံရေးပါတီများ၏ မြို့နယ်ပါတီရုံးများဖွင့်လှစ်နိုင်ရေးနှင့် ဖွင့်လှစ်ရာတွင်လည်း သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာနတို့မှ ခွင့်ပြုချက်တောင်းခံဆောင်ရွက်ရန်၊ မှတ်ပုံတင်ခွင့်ပြုပြီးသောနိုင်ငံရေးပါတီများကို မြို့နယ်ရုံးများဖွင့်လှစ်ပြီးပါက မြို့နယ်ပါတီရုံးဖွဲ့စည်းမှုများကို စနစ်တကျဖွဲ့စည်းပုံနှင့် တာဝန်ပေးထားရန်၊ မြို့နယ်ပါတီရုံးများ ဖွင့်လှစ်ပြီးပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စာရင်းစစ်ဌာနတို့ကပူးပေါင်းပြီး စစ်ဆေးရန်ရှိသဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ ပါတီအလံနှင့်ဆိုင်းဘုတ်များကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်သွားရန်၊ ပါတီ၏ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကို ညွှန်ကြားချက်နှင့်အညီ ရေးဆွဲဆောင်ရွက်သွားရန်၊ ပါတီဝင်များ ကိုင်ဆောင်ထားသည့် သုံးခေါက်ချိုးအမျိုးသားမှတ်ပုံတင်ကတ်ပြားများကို နိုင်ငံသားစိစစ်ရေးကတ်များနှင့် အစားထိုးလဲလှယ်နိုင်ရေးနှင့် အချက်အလက်များယွင်းကွဲလွဲမှုများရှိပါက သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်သွားရန်၊ စည်းရုံးရေးကာလအတွင်း ပြည်သူများအနှောင့်အယှက်မဖြစ်စေရေးသတိပြုအလေးထားဆောင်ရွက်သွားကြရန်၊ လာမည့်ရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ်(PR) ကျင့်သုံးသွားမည်ဖြစ်၍ မိမိပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခံရရန် အခွင့်အလမ်းပိုမိုရရှိလာနိုင်သည်ဖြစ်၍ ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများအဖြစ် ပြင်ဆင်တည်ဆောက်ထားကြရန်၊ ရွေးကောက်ပွဲပွင့်လင်းမြင်သာမှုရှိရေးအတွက် မဲစာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အဖွဲ့များ ပါဝင်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်၍ ရွေးကောက်ပွဲအောင်မြင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် လာမည့်ရွေးကောက်ပွဲတွင် EVM (Electronic Voting Machine)စက်ဖြင့် မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပါတီများမှ တာဝန်ရှိသူများက ပါတီလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်း၊ ဦးအောင်စောဝင်း၊ ဦးစိုးဦး၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ခုနစ်ပါတီမှ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



**ကျောက်ဖြူမြို့နယ် အုန်းတောကျေးရွာ ကွင်းအမှတ်(၄၇၇) တောင်သူတစ်ဦး၏လယ်မြေတွင် မိုးစပါးစိုက်ပျိုးရန် ကွင်းသရုပ်ပြပွဲ ကျင်းပစဉ်။**

**နေပြည်တော် ဇူလိုင် ၂၀**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အလယ်ပိုင်းရပ်ကွက်ရှိ နာရီစင်ကွင်း၌ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက်ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ ထို့ပြင် အခြေခံပညာမူလတန်း(ခွဲ)ကျောင်း၊ကျောက်တင်ဆိပ်သို့ သွားရောက်၍ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စပါးစိုက်တောင်သူများကို တွေ့ဆုံအမှာစကားပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ တောင်သူများကို ယူရီးယားဓာတ်မြေဩဇာများကို ထောက်ပံ့ပေးအပ်သည်။ ၎င်းနောက် အုန်းတောကျေးရွာ ကွင်းအမှတ်(၄၇၇) တောင်သူတစ်ဦး၏ လယ်မြေတွင် ကျင်းပပြုလုပ်သည့် မိုးစပါးစိုက်ပျိုးရန် ကွင်းသရုပ်ပြပွဲသို့ သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ ကျောက်တော်မြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်သူဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)ရှိ ကျောင်းသား၊ ကျောင်းသူများကို ဆန်နှင့် ဆီများပေးအပ်ပွဲသို့တက်ရောက်ခဲ့ပြီး ကျောင်းအုပ်ဆရာကြီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ကော့သောင်းမြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် Projector ပေးအပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် Projector ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်မြို့မိမြို့ဖများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက Projector ပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ Projector တစ်စုံနှင့် ပညာရေးငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းမှူးက စာသင်ကျောင်းအတွင်း အတန်းလိုက်ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအတွက် Projector တစ်စုံနှင့်ပညာရေးငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းစဉ်။**





ဆရာတော်ထံ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းတို့က သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်စဉ်။

# မွန်ပြည်နယ် မုဒုံမြို့ အသောကာရာမ မွန်ပရိယတ္တိစာသင်တိုက်ဆရာတော် အရှင်မင်္ဂလာဘိဝံသထံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပေးအပ်သည့်ဂုဏ်ပြုမှတ်တမ်းလွှာဆက်ကပ်ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၀**

မွန်ပြည်နယ် မုဒုံမြို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သာသနာ့ဓဇ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ အသောကာရာမ မွန်ပရိယတ္တိစာသင်တိုက်ဆရာတော် အရှင်မင်္ဂလာဘိဝံသအား ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့်အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။

ထို့နောက် အရှင်မင်္ဂလာဘိဝံသက ကျောက်မျက်ရတနာ ၃၅ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၂၂၀၀၀)ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်အစိုးရထံသို့လှူဒါန်းသည့်အတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဆက်ကပ်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၀**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်မိသားစုများ၊ဒိုင်အဖွဲ့ဝင်များ၊ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် တောင်ကြီးတပ်နယ်(နယ်မြေ-၁) အမျိုးသမီးအသင်းနှင့် တောင်ကြီးတပ်နယ်(နယ်မြေ-၂) အမျိုးသမီးအသင်း၊ တောင်ကြီးတပ်နယ်(နယ်မြေ-၁)အမျိုးသားအသင်းနှင့်တောင်ကြီးတပ်နယ်(နယ်မြေ-၂) အမျိုးသားအသင်းတို့၏ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ အသင်းလိုက်ဆုရရှိသူများ၊ တစ်ဦးချင်းဆုရရှိသူများနှင့်ဒိုင်းဆုရရှိသော တောင်ကြီးတပ်နယ်(နယ်မြေ-၁) အမျိုးသား၊အမျိုးသမီးအသင်းတို့ကို ဒုတိယတိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုငွေများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးက တံခွန်စိုက်ဒိုင်းဆုရရှိသည့်အသင်းကို တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၀**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့်ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ဘီစကွတ်နှင့်စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက်သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့်ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# တတိယအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း တတိယနေ့ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၀**

တပ်မတော်တွင် တတိယအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှု တတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်ခဲ့သည်။

အဆိုပါအသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာ ဦးမျိုးမြင့်ဦးနှင့် တူဖြစ်သူ အသည်းအလှူရှင် မောင်အောင်ခန့်ကျော်တို့ကိုခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် အသည်းအလှူရှင်လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၄ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်းဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့်အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ဆေးမှူးများနှင့် သူနာပြုကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်ဆေးရုံကြီးများမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



တပ်မတော်တွင် တတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုတတိယနေ့ကို အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်စဉ်။

**သဇင်(FM) အသံလွှင့်အစီအစဉ်**

၂၁-၇-၂၀၂၃ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁း၅၀ | Keep it Nature |
| ၃။ | ၁၆း၂၀ | I Music |
| ၄။ | ၁၈း၂၀ | ဂုဏ်ယူအလွမ်း |
| ၅။ | ၂၁း၄၀ | ဇာတ်လမ်းအသွင် တေးသံစဉ် |

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပွဲပြုလုပ်စဉ်။

**နေပြည်တော် ဇူလိုင် ၂၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDFအပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။


ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနယ်မြေများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြန်လည်အလင်းဝင်လာသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရောဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၊ ပုတောမြို့နယ်၊လပွတ္တာမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသားလေးဦးကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ ငါးဦး ထိခိုက်ဒဏ်ရာများရရှိ

KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့သည့် နေရာပြပုံ




**နေပြည်တော် ဇူလိုင် ၂၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်းသို့ KKO(ခွဲထွက်)အဖွဲ့နှင့်PDFအမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၁၉ ရက်တွင် လက်နက်ကြီးများဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူ ငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီခွဲခန့်တွင် ကော့ကရိတ်မြို့၏အရှေ့မြောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာမှ မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက် ပဒုမ္မာလမ်းတွင် တစ်လုံး၊ အမှတ်(၂)ရပ်ကွက် မြို့တော်ဦးရပ်ကွက်တွင် တစ်လုံးနှင့် ခရိုင်ပြည်သူ့ဆေးရုံရှေ့တွင် တစ်လုံး အသီးသီးကျရောက်ပေါက်ကွဲခဲ့ပြီးအပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး သုံးဦးတို့တွင် လက်နက်ကြီးစထိမှန်ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများကို ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိပြီး ဗုံးသီးများကျရောက်ရာ ရပ်ကွက်အတွင်း ပေါက်ကွဲမှုမရှိသေးသည့် ဗုံးသီးများကျန်ရှိမှုမရှိစေရေးနှင့် မလိုလားအပ်သော ပေါက်ကွဲမှုများကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော လူနေရပ်ကွက်များအတွင်းသို့ အကြောင်းမဲ့ အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကိုကျူးလွန်ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် တုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Aye Mi San" အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၅)ရပ်ကွက်နေ အေးမိစံကို ညနေ ၃ နာရီ မိနစ် ၂၀ တွင် ညောင်လေးပင်မြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ခရိုအေးရှားနှင့် ဆလိုဗေးနီးယားနိုင်ငံတွင် မိုးသက်လေပြင်းကျရောက်မှုကြောင့် လူသုံးဦး သေဆုံး



**ဇာဂရက်ဘ် ဇူလိုင် ၂၀**

ခရိုအေးရှားနိုင်ငံနှင့် ဆလိုဗေးနီးယားနိုင်ငံတို့တွင် ဇူလိုင် ၁၉ ရက်က မိုးသက်လေပြင်းကျရောက်မှုကြောင့် လူသုံးဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း AP သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မိုးသက်လေပြင်း ကျရောက်မှုကြောင့် ရေကြီးရေလျှံမှုလည်းဖြစ်ပေါ်နေပြီး သေဆုံးသူသုံးဦးအနက် နှစ်ဦးမှာ ခရိုအေးရှားနိုင်ငံမှဖြစ်ကာ ထိခိုက်ဒဏ်ရာရရှိသူ အမြောက်အမြားလည်းရှိကြောင်း၊ အခြေခံအဆောက်အအုံတချို့နှင့် နေအိမ်တချို့လည်းပျက်စီးခဲ့ပြီး ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း၊ ဇာဂရက်ဘ်မြို့တွင် ပျက်စီးမှုများပြားခဲ့ပြီး သစ်ပင်ကြီးများ ကျိုးကျမှုကြောင့် မော်တော်ယာဉ်တချို့ပျက်စီးခဲ့ကြောင်း ခရိုအေးရှား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မိုးသက်လေပြင်းကျရောက်မှုကြောင့် ဇာဂရက်ဘ်မြို့မှာ သေဆုံးသူ နှစ်ယောက်ရှိခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူ နှစ်ယောက်ရှိခဲ့ပြီး အရေးပေါ်အခြေအနေနဲ့ ဆေးကုသမှုခံယူနေပါတယ်။ သေဆုံးသူနှစ်ယောက်ဟာ မိုးသက်လေပြင်းကြောင့် သစ်ပင်တွေကျိုးကျပြီး သစ်ကိုင်းရိုက်လို့ သေဆုံးခဲ့တာဖြစ်ပါတယ်။ လေတိုက်နှုန်းပြင်းထန်တဲ့အတွက်ကြောင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ မတော်တဆဖြစ်စဉ်ဖြစ်ပွားခဲ့ပြီးတော့ အလုပ်သမားနှစ်ယောက် ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ လိုအပ်တဲ့ဆေးကုသမှုတွေခံယူနေပါတယ်"ဟု ဇာဂရက်ဘ်မြို့တော်ဝန် တိုမီစလက်ဗ်က ပြောကြားခဲ့သည်။

ခရိုအေးရှားနိုင်ငံမှ သေဆုံးသူနှစ်ဦးမှာလည်း ဇာဂရက်ဘ်မြို့မှဖြစ်ပြီး အသက် ၅၀ အရွယ် အမျိုးသားတစ်ဦးနှင့် အသက် ၄၈ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ကြောင်း ဇာဂရက်ဘ်ရဲတပ်ဖွဲ့က အတည်ပြုထုတ်ပြန်ခဲ့သည်။

သေဆုံးသူသုံးဦးအနက် တစ်ဦးမှာ ဆလိုဗေးနီးယားနိုင်ငံမှဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးလည်း ရှိခဲ့ကြောင်း၊ သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူမှာလည်း သစ်ပင်လဲကျရာမှ သစ်ပင်ပိ၍ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုတို့ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ဆလိုဗေးနီးယား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# တူရကီနိုင်ငံရှိ ငလျင်ဒဏ်ခံဒေသများကိုပံ့ပိုးရန်နှင့် ပို့ကုန်များတိုးမြှင့်နိုင်ရန် UAE နိုင်ငံက အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံပံ့ပိုး

**အဘူဒါဘီ ဇူလိုင် ၂၀**

တူရကီနိုင်ငံ ငလျင်ဒဏ်ခံဒေသများကိုပံ့ပိုးရန်နှင့် တူရကီပို့ကုန်များတိုးမြှင့်နိုင်ရန်အတွက် UAE နိုင်ငံက အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံ ပံ့ပိုးပေးမည့်အစီအစဉ် နားလည်မှုစာချွန်လွှာကို တူရကီသမ္မတ ရီဆေးတိုရစ်အာဒိုဂန်နှင့် UAE သမ္မတ မိုဟာမက်ဘင်ဇေးယက်တို့ ဇူလိုင် ၁၉ ရက်တွင် လက်မှတ် ရေးထိုးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

UAE နိုင်ငံ အချုပ်အခြာအာဏာပိုင်ခနရန်ပုံငွေ(Abu Dhabi sovereign welth fund)က တူရကီနိုင်ငံ ငလျင်ဒဏ်ခံဒေသများအတွက် ပံ့ပိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံနှင့် တူရကီပို့ကုန်လုပ်ငန်းများကိုပံ့ပိုးရန် အမေရိကန်ဒေါ်လာ သုံးဘီလီယံချေးငွေတို့ပါဝင်သော နားလည်မှုစာချွန်လွှာနှစ်ခုကို အာရပ်စော်ဘွားများပြည်ထောင်စု(UAE)သို့ တူရကီသမ္မတ ရီဆေးတိုရစ်အာဒိုဂန် သွားရောက်လည်ပတ်စဉ် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ငလျင်ဘေးပံ့ပိုးငွေများကို တူရကီဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် တူရကီနိုင်ငံ တောင်ပိုင်းနှင့် အလယ်ပိုင်း ငလျင်ဒဏ်ခံခဲ့ရသောဒေသများတွင် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်း တူရကီနိုင်ငံတွင် လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် တူရကီနှင့်ဆီးရီးယားနှစ်နိုင်ငံပေါင်း လူဦးရေ ၅၄၀၀၀ ကျော်သေဆုံးခဲ့ရပြီး ပျက်စီးမှုတန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီ၍ ဆုံးရှုံးခဲ့ကြောင်း သိရသည်။

UAE နိုင်ငံက ပံ့ပိုးသောရန်ပုံငွေဖြင့် တူရကီနိုင်ငံတွင် အိုးမဲ့အိမ်မဲ့များအတွက် လူနေတိုက်ခန်းများတည်ဆောက်ခြင်းကို အဓိကဆောင်ရွက်သွားမည်ဖြစ်ပြီး တူရကီပို့ကုန်များကိုလည်း UAE နိုင်ငံနှင့် အခြားနိုင်ငံများသို့ပါ ကုန်သွယ်မှုမြှင့်တင်နိုင်ရေး ဆောင်ရွက်သွားရန်ရည်ရွယ်ကြောင်း သိရသည်။

AZH

# ဗီယက်နမ်နိုင်ငံ ဒါးလက်မြို့ရှိ မြေပြိုမှုဖြစ်ပွားခဲ့သောနေရာတွင် ဂျပန်နိုင်ငံမှ ကျွမ်းကျင်သူများဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်

**ဟနွိုင်း ဇူလိုင် ၂၀**

ဗီယက်နမ်နိုင်ငံ အာဏာပိုင်များအနေဖြင့် ပြီးခဲ့သည့် လကုန်ပိုင်းက လန်ဒေါင်ပြည်နယ် ဒါးလက်မြို့ရှိ မြေပြိုမှုဖြစ်ပွားခဲ့သောနေရာများတွင် ဂျပန်နိုင်ငံမှ ကျွမ်းကျင်သူများဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်များ၏ ပြောကြားချက်များကို ကိုးကား၍ VN Express သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အဆိုပါဒေသတွင် မြေပြိုမှု မကြာခဏ ဖြစ်ပွားလေ့ရှိသဖြင့် စူးစမ်းလေ့လာမှုများဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံမှ ကျွမ်းကျင်သူသုံးဦးပါဝင်သော အဖွဲ့တစ်ဖွဲ့ကို ဖိတ်ကြားခဲ့ပြီး ဒါးလက်မြို့ လူနေရပ်ကွက်များတွင် ဇူလိုင် ၁၈ ရက်မှစ၍ တိုင်းတာရေးလုပ်ငန်းများလုပ်ဆောင်ကာ စစ်တမ်းများကောက်ယူလျက်ရှိကြောင်း၊ အဆိုပါကျွမ်းကျင်သူအဖွဲ့အနေဖြင့် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော ရေတိုက်စားမှုနှင့် မြေပြိုမှုလုပ်ငန်းများကာကွယ်ဖြေရှင်းရန်အတွက် လိုအပ်သော အကြံဉာဏ်များကို လန်ဒေါင်ပြည်သူ့ကော်မတီနှင့် ဒါးလက်အာဏာပိုင်များကို အကြံဉာဏ်များပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒါးလက်မြို့တွင် မကြာသေးမီနှစ်များအတွင်းကစတင်၍ မြေပြိုမှုများနှင့် ကြုံတွေ့ခဲ့ရပြီး နောက်ဆုံးအနေဖြင့် ယခုနှစ် ဇွန် ၂၉ ရက်က တာတမံတစ်ခုပြိုကျမှုကြောင့် လူနှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိကာ နေအိမ်အမြောက်အမြားပျက်စီးခဲ့ကြောင်း သိရသည်။

လန်ဒေါင် ပြည်သူ့ကော်မတီအနေဖြင့် ပြည်နယ်အတွင်း ၎င်းတို့၏ ဆောက်လုပ်ရေးမူဝါဒများကို ပြုပြင်ပြောင်းလဲရန်နှင့် နောင်တွင် ထိုကဲ့သို့သော ပြဿနာများကို ကာကွယ်ရန်အတွက် ဂျပန်ကျွမ်းကျင်သူအဖွဲ့၏ အကြံပြုချက်များကို လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

AZH



# အိန္ဒိယတွင် မြေပြိုကျမှုကြောင့် လူငါးဦးသေဆုံးပြီး ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**နယူးဒေလီ ဇူလိုင် ၂၀**

အိန္ဒိယနိုင်ငံ အနောက်ဘက်ပိုင်း မဟာရက်ရှ်သရာပြည်နယ်တွင် ဇူလိုင် ၁၉ ရက်က မြေပြိုကျမှုဖြစ်ပွားခဲ့ရာ မြေပြိုကျမှုကြောင့် လူငါးဦးသေဆုံးပြီး ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း မဟာရက်ရှ်သရာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု TOE သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြေပြိုကျမှုသည် အာရှာဝါဒီ ကျေးလက်ဒေသတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ၎င်းဒေသတွင် မိသားစု ၄၈ စုနေထိုင်သည့် ကျေးလက်ဒေသဖြစ်ကာ မြေပြိုကျမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ၇၅ ဦး ရှိခဲ့ကြောင်း မဟာရက်ရှ်သရာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အာရှာဝါဒီ ကျေးလက်ဒေသမှာ ဇူလိုင် ၁၉ ရက်က မြေပြိုကျမှုဖြစ်ပွားခဲ့ပါတယ်။ တောင်တွေကြားထဲမှာရှိတဲ့ ကျေးလက်ဒေသဖြစ်သလို တောင်ပေါ်ကနေ မြေပြိုကျခဲ့တာလဲဖြစ်ပါတယ်။ မြေပြိုကျမှုကြောင့် မြေသားတွေဟာ ပေ ၂၀ ကနေ ၃၀ လောက်ထိ မြင့်တယ်။ အာရှာဝါဒီ ကျေးလက်ဒေသမှာ နေထိုင်တဲ့ မိသားစု ၄၈ စုရှိတယ်။ မြေပြိုကျမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ၇၅ ယောက်ရှိပါတယ်။ အရေးပေါ်အခြေအနေနဲ့ ကယ်ထုတ်ပေးခဲ့ရတဲ့ လူအယောက် ၁၀၀ ကျော်ရှိပြီး လူငါးယောက် သေဆုံးခဲ့ပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူတွေကိုတော့ ယာယီကယ်ဆယ်ရေးစခန်းတွေမှာ နေရာချပေးထားပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူတချို့ကိုလဲ ဆေးကုသမှုတွေပြုလုပ်ပေးနေပါတယ်"ဟု မဟာရက်ရှ်သရာပြည်နယ် ဒုတိယဝန်ကြီးချုပ် ဒီဗန်ဒရာက ပြောကြားခဲ့သည်။

မြေပြိုကျမှုကြောင့် လူဦးရေ ၁၀၀ ကျော်ကို အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရပြီး အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရသော ဒေသခံများအနက် ငါးဦးသေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း၊ မြေပြိုကျမှုဖြင့် ရင်ဆိုင်ခဲ့ရသောဧရိယာများတွင် မြေသားမှာ ပေ ၂၀ နှင့် ပေ ၃၀ ကြားထိမြင့်တက်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပြီးပါက အဆိုပါမြေသားများကို ရှင်းလင်းပေးသွားမည်ဖြစ်ကြောင်း မဟာရက်ရှ်သရာပြည်နယ်ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# ဆီးရီးယားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေ

**ဒမတ်စကတ် ဇူလိုင် ၂၀**

ဆီးရီးယားနိုင်ငံတွင် ဇူလိုင် ၁၈ ရက်မှစ၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း ဆီးရီးယားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Arab News သတင်းဌာနက ဇူလိုင် ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် အချိန်တိုအတွင်း ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းမှာ အပူချိန်မြင့်မားနေခြင်းကြောင့်ဖြစ်ပြီး အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် ဟွမ်စီရင်စုရှိ အယ်မာရန်ဒါကျေးလက်ဒေသအနီးတွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး ဟမ်မာစီရင်စုအလယ်ပိုင်းတွင်လည်း တောမီးလောင်ကျွမ်းမှုဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

"ဟွမ်စီရင်စုနဲ့ ဟမ်မာစီရင်စုတို့မှာ လောင်ကျွမ်းနေတဲ့တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ကြိုးစားနေပါတယ်။ ဒါပေမဲ့ အပူချိန်မြင့်တက်မှုကြောင့် တောမီးကူးစက်မှုမြန်ဆန်နေသလို တောမီးစတင်လောင်ကျွမ်းတဲ့နေရာကလဲ မြေပြင်ကနေ သွားလာဖို့ခက်ခဲနေတဲ့အတွက် တောမီးကိုထိန်းချုပ်ဖို့ အခက်အခဲတချို့ရှိနေပါတယ်"ဟု ဆီးရီးယားအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဟမ်မာစီရင်စုအလယ်ပိုင်းတွင် လောင်ကျွမ်းနေသည့် တောမီးလောင်ကျွမ်းမှုသည်လည်း ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေသည့်အတွက် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသောနေရာများသို့ မီးသတ်တပ်ဖွဲ့ဝင်များကို ဖြန့်ခွဲကာ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေကြောင်း ဆီးရီးယားအာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဟွမ်စီရင်စုတွင် လောင်ကျွမ်းနေသည့်တောမီးကြောင့် စိုက်ပျိုးမြေ အမြောက်အမြားပျက်စီးခဲ့ပြီး စိုက်ခင်းတချို့လည်း တောမီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# ဟန်ချက်

မောင်ကြည်လင်(ရွှေကြိုးကြာ)




(၁)

ရွက်ဝါများ ကြွေကျလျက်ရှိ၏။ ရွက်သစ်တို့ဝေနေသည့် နွေဥတုက လွမ်းမောစရာပင်။ ကောင်းကင်ကြီးမှာ မှုန်တစ်ချပ်ကဲ့သို့ကြည်လင်ဝင်းပနေသည်။ မြေနီလမ်းမပေါ်တွင် သစ်ရွက်ကြွေတချို့ ဖရိုဖရဲပြန့်ကျဲနေ၏။ ထို့အတူ မလှမ်းမကမ်းဆီမှချိုးကူသံကိုခပ်သဲ့သဲ့ကြားနေရပြန်၏။

ပူပြင်းခြောက်ကပ်လှသည့် ယခုလိုရက်မျိုးတွင် ဘယ်ကိုမျှမသွားချင်မိပေ။ အိမ်တွင် သီချင်းနားထောင်ရင်းဖြင့် အေးအေးလူလူ ထိုင်ဆွေး၊ ထိုင်ငေးချင်မိသည်။ သို့သော် ကံတရားက မျက်နှာသာမပေးခဲ့ပေ။

"အမေ သမီးဖို့ မုန့်ဝယ်ခဲ့"

"သမီးကိုလဲ မနေ့က ဝယ်ကျွေးတဲ့ ကိတ်မုန့်ဝယ်ခဲ့"

"နေကြစမ်းပါအုံးဟဲ့။ ဈေးအရင်းမပြည့်လို့ စိတ်ညစ်နေရတဲ့အထဲ နင်တို့က တစ်မျိုး"

ဈေးခြင်းတောင်းကို ဆိုင်ကယ်နောက်မြီးတွင် ကြိုးနှင့်ချည်နေရင်းဖြင့် အော်ပြောလိုက်သောအခါ သမီးနှစ်ယောက် အသံတိတ်သွား၏။

"အငယ်မကို နို့တိုက်သွားအုံး"

ဆိုင်ကယ်စက်နှိုးနေစဉ် လှမ်းပြောလိုက်သော မိခင်ဖြစ်သူ၏စကားကြောင့် ဆိုင်ကယ်စက်ကိုအရှိန်ပြန်သတ်လိုက်သည်။ ထို့နောက် လသားအရွယ် သမီးဖြစ်သူကို နို့တိုက်ရန် ပြင်လိုက်သည်။

သက်မာစိုးသည် ကြိုးကြာကွင်းရွာတွင်နေထိုင်သူဖြစ်၏။ ခင်ပွန်းမှာ အထက်အညာသားဖြစ်သည်။ အိမ်ထောင်သက် ၁၀ နှစ်အတွင်း သမီးသုံးယောက်ထွန်းကားခဲ့သည်။ ခင်ပွန်းဖြစ်သူမှာ တရုတ်နယ်စပ်တွင် ကုန်တင်ယာဉ်မောင်းရသောကြောင့် ခြောက်လနေမှ တစ်ကြိမ်သာ အိမ်သို့ပြန်လာလေ့ရှိ၏။

(၂)

"အသုပ်တစ်ပွဲ သက်မာစိုးရေ. . ."

"အေးပါ ခဏစောင့် သူဇာ။ ဟဲ့. . . ဒီနေ့ ဘာတစ်လုံးကောင်းလဲ"

ခေါက်ဆွဲသုပ်ပြင်လျက် သက်မာစိုး လှမ်းမေးလိုက်လေ၏။

"ကိုးတစ်လုံးကောင်းတယ်။ ငါကတော့ ကိုးထိပ်နဲ့ စီးရီးဆွဲလိုက်တယ်"

"နင် ပေါက်ကျော်မ မကြည့်ဘူးလား။ ပေါက်ကျော်မထဲမှာ ကိုးသေတယ်"

"ဟဲ့ မဟုတ်တာ နင်ကလဲ။ စူပါစတားထဲမှာ အခု တစ်ပတ် ကိုးမြူးမယ်တဲ့"

"ဟုတ်ရဲ့လားဟယ်"

"ဟုတ်ပါတယ်ဆို။ ညည်းကြည့်ထား ညနေအတွက် ကိုးအသေအချာပဲ"

အသုပ်ဖိုးပေးကာ ထွက်သွားသော သူဇာကို ငေးကြည့်နေရင်း သက်မာစိုးတစ်ယောက် ကိုးတစ်လုံး အပိုင်ဟုပြောခဲ့သောအသံကိုသာ နားထဲတွင် ပဲ့တင်ထပ်နေ၏။

(၃)

ညနေခင်း၏ အပူရှိန်အောက်တွင် အစိမ်းတစ်ရွက်၊ အဝါတစ်ရွက်ရောယှက်နေသော ဇာဒ်ရွက်ဖားဖားကြီးများအုပ်မိုးထားသည့် အသုပ်ဆိုင်ကလေးက မျက်စိအမြင်တွင် တစ်မျိုးဆန်းနေ၏။ မြောက်လေအတိုက်မှာ သစ်ရွက်ကလေးများ လွင့်စဉ်ထွက်သွားသည့်ရှုခင်းကိုကြည့်ကာ နာရီကိုလည်း မျက်ခြည်မပြတ်ကြည့်၍ သက်မာစိုးတစ်ယောက် စိတ်လှုပ်ရှားနေမိ၏။

"ဘာ ဂဏန်းတဲ့လဲ မိုးသူရေ"

"ကိုးထိပ်နဲ့ရပ်နေတယ်။ ဘောမတင်သေးဘူး အစ်မရေ"

ခြေရင်းအိမ်မှ မိုးသူစကားကြောင့် သက်မာစိုး ရင်ခုန်သံတွေ ပိုမြန်လာမိသည်။ ထိုအချိန်မှာပင်-

"၈၆ တဲ့ အစ်မရေ၊ ၈၆"

ရှုတ်တရက်ကြားလိုက်ရသောအသံကြောင့် ဂဏန်းရေးထားသည့်စာရွက်ကလေးကိုကိုင်ကာ သက်မာစိုး ငေးငိုင်သွားစဉ်-

"အမေ သမီးမုန့်စားအုံးမယ်"

"အမေ သမီး ဒါယူလိုက်ပြီနော်"

"ဟင် ပြောထည့်လိုက်ရ မကောင်းဘူး။ ထမင်းစားတော့လဲ ဟင်းလေးကောင်းမှ စားချင်ကြတယ်။ ဈေးဆိုင်ကမုန့်လဲ အလွတ်မပေးဘူး။ ဒီကြားထဲ အပြင်က ဝယ်စားတာရှိသေးတယ်။ နှစ်လုံးမပေါက်တာက တစ်မျိုး။ သွားကြဟေ့ သွားကြ"

"ဝါး. . . . ဝါး. . . ဝါး"

သမီးနှစ်ယောက်ကို အော်ဟစ်ကြိမ်းမောင်းလျက်ရှိနေစဉ်မှာပင် ပုခက်အတွင်းမှ သမီးငယ်ငိုသံကြောင့် သက်မာစိုးတစ်ယောက် ထဘီကိုပြင်ဝတ်ကာ ပုခက်ဆီသို့ ပြေးသွားလိုက်သည်။

(၄)

နေ့စဉ် ဈေးအတွင်း၌ ပျားပန်းခပ်လှုပ်ရှားနေသည့် လူများကို နံနက်တိုင်းမြင်တွေ့နေသောအခါ စိတ်ထဲတွင် ခံစားချက်တစ်မျိုးဖြစ်လာမိ၏။ လူတိုင်းအရေးကိစ္စမျိုးစုံဖြင့် သွားလာလှုပ်ရှားနေကြရသည်။ အလုပ်ကိုယ်စီဖြင့် ကတိုက်ကရိုက်၊ သုတ်သီးသုတ်ပျာဖြင့် အပူအမျိုးမျိုးရှိနေကြလိမ့်မည်မှာ မလွဲပင်ဖြစ်၏။

ဈေးမှ ပြန်ရောက်သော်လည်း အနားမယူနိုင်သေးပေ။ အသားတုများကို ရေစိမ်ထားလိုက်သည်။ ထို့နောက် ပဲပြားကြော်ရန်ပြင်ဆင်သည်။ မိခင်ဖြစ်သူချက်ထားသော မုန့်ဟင်းခါးဟင်းရည်အိုးကို မြည်းကြည့်လိုက်သည်။

"အမေ ဟင်းအိုးက ငန်လိုက်တာ"

"ရေရောလိုက်ပေါ့အေ။ ပြီးရင် အချိုမှုန့်နည်းနည်းထည့်လိုက်ပေါ့"

"ဘယ်ရမလဲ အမေရဲ့။ ငါးက ကွက်တိဝယ်ထည့်ထားတာ။ အမေတို့လုပ်လိုက်ရင် အဲဒီလိုပဲ ဘာမှ စိတ်မချရဘူး"

"အမယ်လေး. . . သက်မာစိုးရယ် ငါမွေးလို့လူဖြစ်လာတာ။ ငါ့ကိုပြန်ပြီး ဆရာလုပ်နေသေးတယ်"

"အာပူလျှာပူရလား သက်မာစိုး"

သားအမိနှစ်ယောက် တစ်ယောက်တစ်ခွန်း စကားများနေရာမှ ဈေးဝယ်လာသဖြင့် စကားစပြတ်သွားလေသည်။

"နင် ဒီနေ့ဘာထိုးလဲ သက်မာစိုး"

သူငယ်ချင်းဖြစ်သူ အိသဇင် အမေးစကားကြောင့်-

"ငါးထိပ်နဲ့ စီးရီးဆွဲတယ်။ ပြီးတော့ ၂၈ ကို အပြန်အလှန်ထိုးတယ်"

"ဟဲ့ ငါ့ရွာက ဦးလှရွှေပေးတာ ၃၅ တဲ့။ သူ အိပ်မက်မက်တာတဲ့။ နင်ထည့်ထိုးထားအုံး"

သူငယ်ချင်းဖြစ်သူ အိသဇင်စကားကြောင့် ပိုက်ဆံထည့်ထားသည့် ကော်ခြင်းလေးကိုကြည့်ကာ သက်မာစိုး မျက်ခုံးပင့်လိုက်မိသည်။

"အေးပါ။ ဒါပေမဲ့ ငါ့မွေးဂဏန်းပဲ ထိုးလိုက်တော့မယ် အိသဇင်ရယ်"

အိသဇင်ပြန်သွားချိန်တွင် ၃၅ ဟူသော ဦးလှရွှေ၏ အိပ်မက်ဂဏန်းက အတွေးအာရုံကို လှုပ်နှိုးလိုက်သည်။ ထို့နောက် တစ်စုံတစ်ယောက်ဆီဖုန်းဆက်ကာ ၃၅ ကို အပြန်အလှန် တစ်ထောင်ဖိုးစီထည့်ပေးရန် လှမ်းပြောလိုက်၏။

(၅)

လေကလေးက တဖြူးဖြူး။ နံနက်ခင်း၏ သဘာဝအလှကား လှရက်လွန်းသည်။ ကောင်းကင်ယံတွင် သူရိန်နေမင်းက မနိုးထသေး။

"ဟူး စိတ်ညစ်လိုက်တာ ဈေးအရင်းကမပြည့်ဘူး"

သက်မာစိုးသည် နံနက်ခင်းသဘာဝအလှကို ပမာမခန့်ကြည့်နေရင်း လက်ထဲမှပိုက်ဆံကို ရေတွက်ကာ ညည်းညူလိုက်၏။

"ဘယ်တတ်နိုင်မလဲ။ ငါ့ရဲ့မိုက်ပြစ်ပဲလေ။ နှစ်လုံးထီ နှစ်လုံးထီ အတော်ဒုက္ခပေးပါလား"

ဈေးခြင်းတောင်းပြင်နေရင်းမှ နှုတ်က တတွတ်တွတ်ရေရွတ်နေမိသည်။ ထို့နောက် ဆိုင်ကယ်ကို စက်နှိုးကာ မောင်းထွက်သွားလိုက်သည်။

"စောစောစီးစီး ဘာလုပ်နေတာလဲ သက်မာစိုး"

ကိုကြည်လင် လမ်းလျှောက်ပြန်လာစဉ် အိမ်ရှေ့တွင်ရပ်နေသော သူငယ်ချင်းဖြစ်သူ သက်မာစိုးကို တွေ့၍ မေးလိုက်သည်။

"နင့်ကို စောင့်နေတာ ကြည်လင်ရေ. . ."

"ဟာ ထူးထူးခြားခြား။ ကဲ. . . လာအိမ်ထဲဝင်အုံး"

နှစ်ယောက်သား အိမ်ရှေ့ရှိ ခရေပင်အောက်တွင် ထိုင်လိုက်ကြ၏။

"ကဲ. . . ပြောပါအုံး ဘာကိစ္စ"

"အားတော့နာတယ် ကြည်လင်ရယ်။ ဒါပေမဲ့ နင်ကူညီမှရမယ်"

သူငယ်ချင်းဖြစ်သူစကားကို ကောင်းစွာသဘောပေါက်သဖြင့် ကိုကြည်လင် ပြုံးနေမိသည်။

"နင့်ကို ငါပြောစရာရှိတယ် သက်မာစိုး"

"အေး ပြောလေ"

"နင် နှစ်လုံးထီတွေရှုံးတယ်လို့ငါကြားတယ်။ အခုချိန်ကာလမှာ ပိုက်ဆံရှာရခက်တယ်ဆိုတာ နင်သိမှာပါ။ နင့်ရဲ့ဈေးရောင်းအမြတ်က နှစ်လုံးထိုးတာနဲ့ကုန်နေတာ။ အရင်းထဲကပါ စိုက်နေရတယ်ဆို"

"တစ်ခါတလေ အပျော်သဘောထိုးတာပါ"

"နင်အပျော်ထိုးရင်းနဲ့ အခု စီးပွားပါ ထိခိုက်နေပြီမဟုတ်လား။ အခုလဲ ဈေးအရင်းလိုလို့လာတာ ငါသိတယ်"

ကိုကြည်လင်စကားကြောင့် သက်မာစိုး မျက်နှာညှိုးသွားလေသည်။

"ဘဝဆိုတာ ဟန်ချက်ညီဖို့လိုတယ် သူငယ်ချင်း"

ကိုကြည်လင်စကားကြောင့်-

"ငါ နားမလည်ဘူး"

"အေး နင်နားလည်အောင်ပြောရရင်တော့ နင်ဈေးရောင်းတဲ့အခါ ချိန်ခွင်နဲ့ ချိန်ရောင်းတယ်မဟုတ်လား။ အလေးနဲ့ဝယ်တဲ့ပစ္စည်းကိုချိန်တဲ့အခါ ချိန်ခွင်လျှာကို ဘယ်ဘက်ကိုမှမထွက်အောင်ချိန်ရတယ်လေ"

"အဲဒါတော့ ငါသိပါတယ်"

မာဆတ်ဆတ် ပြန်ပြောလိုက်သောအသံကြောင့် ကိုကြည်လင် သွားပေါ်အောင်ပြုံးပြလိုက်သည်။

"အေး တကယ်လို့ နင်က ပစ္စည်းဘက်ကို ချိန်ခွင်လျှာထွက်အောင်ချိန်ရင် နင်ရှုံးမယ်လေ။ ဒါမှမဟုတ် အလေးဘက်ကို လျှာထွက်အောင်ချိန်ရင် ပစ္စည်းအလေးချိန်မပြည့်လို့ နင့်ကို အလေးခိုးရောင်းတယ်လို့ ပြောကြမယ်။ အဲဒီတော့ နင် ချိန်ခွင်လျှာဟန်ချက်ညီအောင်ချိန်တွယ်ရောင်းမှ အဆင်ပြေမှာပေါ့"

"ဟဲ့ အဲဒါတော့ နင်ပြောမှလား ငါသိပါတယ်"

"သိရုံနဲ့မရဘူး။ လက်တွေ့ကျင့်ကြံဖို့လိုတယ်။ အခု နင်ဈေးရောင်းတဲ့အမြတ်ကို နှစ်လုံးထီပဲထိုးနေတော့

စာမျက်နှာ ၂၅ သို့ ➤

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၄၀၂၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပီလောပီနံစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၄၀၂၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပီလောပီနံဧက ၄၁၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိပီလောပီနံ ၄၀၂၂ ဧက စိုက်ပျိုးပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပီလောပီနံဧက ၄၁၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ပီလောပီနံ ၄၀၂၂ ဧက စိုက်ပျိုးပြီးစီးနေပါပြီ။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ စိုက်ဧကလျာထားချက်ပြည့်မီရေး ဆောင်ရွက်နေပါတယ်။ ပီလောပီနံဟာ စက်မှုကုန်ကြမ်းသီးနှံတစ်မျိုး ဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် ခရိုင်အလိုက် ပီလောပီနံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၅၂၃ ဧက၊ တမူးခရိုင်တွင် ၆၅ ဧက၊ ကလေးခရိုင်တွင် ဧက ၈၀၊ ခန္တီးခရိုင်တွင် ၂၀၅ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၂၂၈ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂၆၉၈ ဧက၊ ကသာခရိုင်တွင် ၂၀၈ ဧကနှင့် ကောလင်းခရိုင်တွင် ၁၅ ဧက စုစုပေါင်း ပီလောပီနံ ၄၀၂၂ ဧကဖြစ်ပြီး လျာထားမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၅၂၇ ဧက၊ တမူးခရိုင်တွင် ၅၅ ဧက၊ ကလေးခရိုင်တွင် ဧက ၉၀၊ ခန္တီးခရိုင်တွင် ၁၈၁ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၂၄၅ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဧက ၂၆၈၀၊ ကသာခရိုင်တွင် ဧက ၃၀၀နှင့် ကောလင်းခရိုင်တွင် ၂၂ ဧက စုစုပေါင်း ပီလောပီနံဧက ၄၁၀၀ ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပီလောပီနံ စိုက်ပျိုးမှုအနေဖြင့် နှစ်စဉ်ဧက ၄၀၀၀ ကျော်ထိ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ပီလောပီနံ စိုက်ပျိုးမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# မိုးကောင်းမြို့နယ်၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုးကောင်း ဇူလိုင် ၂၀**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ရွာသာလေးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးရွာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ VDP စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏တာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။



ရွာသာလေးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ အသုံးပြု၍ ကျေးရွာက ရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

➤ စာမျက်နှာ ၂၄ မှအဆက်

အရင်းထဲကပါစိုက်နေရရင် မိသားစုစားဝတ်နေရေးလဲ အဆင်မပြေဘူးလေ။ အဲဒီလိုပဲ အမြတ်ငွေကို ဈေးအရင်းထဲအကုန်ထည့်ပြီး ဝယ်လိုက်ပြန်ရင်လဲ ဈေးရောင်းတာအဆင်မပြေတဲ့နေ့ ဈေးဝယ်စရာငွေလိုရင်ထည့်စရာမရှိတော့ဘူးပေါ့။ နင့်အလုပ်အတွက် ဟန်ချက်မညီတော့ဘူးပေါ့"

"ဒါဆို ငါကဘာလုပ်ရမလဲ"

"နင်လုပ်ရမှာက တစ်နေ့ကို ငွေအရင်းဘယ်လောက် သုံးလဲ၊ အမြတ်ငွေဘယ်လောက်ကျန်လဲဆိုတာ နေ့စဉ် ဆိုင်သိမ်းချိန်တိုင်းပြန်စစ်။ အရင်းနဲ့အမြတ်ကို သတ်သတ်စီခွဲထား။ အရင်းက နောက်တစ်နေ့အတွက် ပြန်သုံး။ အမြတ်ကို ထိုက်သင့်သလောက်ပြန်စုထားပေါ့။ အကြွေးကျလို့အရင်းပြုတ်တဲ့အခါ စုထားတဲ့ငွေနဲ့အရင်းပြန်လုပ်။ ဒါဆို နင့်ဆိုင်လဲအဆင်ပြေ၊ အရင်းလဲ မပျောက်ဘူးပေါ့။ ဒါတင်မကဘူး အချိန်ကြာလာတာနဲ့အမျှ နင်စုထားတဲ့ငွေက တိုးလာမှာလေ။ စီးပွားတောင် ထပ်ချဲ့လို့ရအုံးမှာ"

"နင်ပြောတာလဲ ဟုတ်သလိုပဲ"

"ဟုတ်သလိုပဲ လုပ်မနေနဲ့ တကယ်ကိုဟုတ်တာ။ ကဲ. . . ရော့ ဈေးနောက်ကျနေမယ်"

ကမ်းပေးလိုက်သော ပိုက်ဆံကိုယူကာ ဆိုင်ကယ်မောင်းထွက်သွားသောသူငယ်ချင်းဖြစ်သူကိုကြည့်၍ ကိုကြည်လင်တစ်ယောက် သက်ပြင်းချလျက် ကျန်ရစ်ခဲ့လေသည်။

(၆)

ကောင်းကင်ကြီးက ရှင်းသန့်နေ၏။ ညနေခင်းဆည်းဆာချိန်အောက်တွင် ကိုကြည်လင် ရွာအနောက်ပိုင်းသို့ လမ်းလျှောက်ထွက်လာခဲ့၏။ သက်မာစိုးအသုပ်ဆိုင်သို့ အရောက်တွင်-

"လူတွေ တယ်ကျနေပါလားဟေ့"

"အေး သူငယ်ချင်းရေ။ နင်ပြောသလို ဟန်ချက်ညီအောင်ဈေးရောင်းနေတော့ အခုလို အဆင်ပြေနေတာပေါ့"

"ဝမ်းသာတယ်ဟေ့။ ကဲ. . . ဆက်ရောင်းလိုက်အုံး သွားပြီဟေ့"

သူငယ်ချင်းဖြစ်သူကို နှုတ်ဆက်၍ ဆက်လျှောက်လာရာ အိမ်သို့အရောက်တွင် ကောင်းကင်ထက်က နေမင်းကြီးသည် အနောက်ရိုးမတောင်တန်းကြီးနောက်သို့ ပုန်းလျှိုးကွယ်ပျောက်သွားလေတော့၏။

## တို့လယ်တော

\- ရွှေချိုးရယ်ကူ
တောမြိုင်ငူ ပင်နန်း၊
ပုန်းညက်စို ရန့်ပေး
မွှေးမြပွင့်လန်း။

\- ကိုတောင်သူ လယ်စခန်းက
ငန်းဖွဲ့လို့ ထွန်ကိုင်င
ရှစ်စပ်ကယ်နှင်၊
မိုးမင်းက အာကာတစ်ခွင်
ရွာဟန်ဆင် ညို့မှိုင်း၊
ကတွတ်ပေါက် ရေအလာမှာ
ခြေတံဝါ အစာချောင်းတဲ့
ခေါင်းမော့ရွှေဗျိုင်း။

\- ပျိုးခင်းပြင် ရေလည်ဝိုင်းလို့
ရှုလိုက်တိုင်းစိမ်းစို၊
မိုးရာသီ သဘာဝ
ထူးလှဝါဆို၊
ကောက်စိုက်ရင်း တေးဆို
မေပျိုတို့မမော၊
မြစိမ်းရောင် ပတ်လည်ညို့
တို့ရဲ့လယ်တော။ ။

**မောင်မောင်လှရွှေ(ကန့်ဘလူ)**

# ဘိုကလေးမြို့နယ် သကံငူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ဘိုကလေး ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် သကံငူကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘိုကလေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ထွန်းဦးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူသကံငူကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိ ဦးကျော်ထွန်းဦးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

သကံငူကျေးရွာတွင် လမ်းအရှည်ပေ ၈၀၀၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၀ ဒသမ ၁ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက သကံငူကျေးရွာနေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ဒေသထွက်ကုန်များကိုလည်း ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ဘိုကလေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ထွန်းဦးက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

**ခရီးသွားဆောင်းပါး**

# ဟိုကွတ်ရွာ၊ ငုတ်ထိပ်ရွာနှင့် ဂုတ်ထိပ်တံတားကြီး

**သက်နိုင် (ပြင်ဦးလွင်)**

ဒီတစ်ခေါက်ထွက်ဖြစ်ခဲ့တဲ့ခရီးစဉ်က ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်နဲ့ ကျောက်မဲမြို့နယ်အတွင်းတွေမှာရှိနေတဲ့ ဂုတ်ထိပ်၊ ဂုတ်တွင်း၊ ကျောက်ဂူခရီးစဉ်တွေပါ။ ခရီးထွက်ဖြစ်ဖို့အတွက် မိမိတို့ အပတ်စဉ်တာဝန်ထမ်းဆောင်နေရတဲ့ ပြင်ဦးလွင်မြို့ လေးမျက်နှာ မြမဥ္ဇူဘုရားကြီးရဲ့ ဂေါပကရုံးခန်းထဲကနေ အစပြုခဲ့ရတယ်။ ရှမဝတောင်၊ ဝါးနက်ဆင်စခန်း၊ ခုနစ်မိုင်ကမ်းခြေ၊ ခိုနန်းရှင်လိုဏ်ဂူတော်၊ ကပြူးရွာခရီးစဉ်ကနေ ပြန်လာခဲ့ကြပြီးတဲ့နောက် လိုက်ပါခဲ့ကြတဲ့ခရီးဖော်လူကြီးတွေအားလုံးက ခရီးစဉ်တစ်လျှောက်လုံးမှာ စိတ်အေးချမ်းသာနဲ့ ဝမ်းမြောက်ပျော်ရွှင်ခဲ့ကြရကြောင်း၊ မရောက်ဖူးသေးတဲ့နေရာဒေသတွေဖြစ်နေတဲ့အတွက်ကြောင့်လဲ ဒေသန္တရဗဟုသုတတွေရရှိခဲ့ကြကြောင်း၊ တစ်ခါတစ်ရံ အခုလိုပျော်ပျော်ရွှင်ရွှင်၊ လွတ်လွတ်လပ်လပ်ခရီးထွက်ချင်ကြကြောင်း စသဖြင့် ပြောဆိုခဲ့ကြရင်း ဂုတ်ထိပ်တံတားကြီးရှိရာကို မရောက်ဖြစ်တာ နှစ်ပေါင်းကြာရှည်ခဲ့ပြီးဖြစ်ကြောင်း၊ ရောက်ခဲ့တဲ့အချိန်တုန်းကလဲ မီးရထားဖြင့်သာ ဖြတ်သန်းရောက်ရှိခဲ့တာဖြစ်ကြောင်း၊ အဆင်ပြေပါက နောက်တစ်ပတ် အားလပ်ရက်တနင်္ဂနွေနေ့မှာ သွားရောက်လည်ပတ်ချင်ကြကြောင်း ပြောဆိုတိုင်ပင်ကြပြီး အခုခရီးစဉ်ကို ထွက်လာဖြစ်ခဲ့ကြတယ်။

ပြောဆိုတိုင်ပင်ခဲ့ကြတုန်းကတော့ ဂုတ်ထိပ်တံတားကြီးရှိရာကို သွားကြမယ်။ အပြန်မှာ ဂုတ်တွင်းလမ်းကနေ ကျောက်မဲမြို့အထိ သွားရောက်ကြမယ်ဆိုပြီး တိုင်ပင်ထားခဲ့ကြတယ်။ ဒါပေမဲ့ မိမိအနေနဲ့ ခရီးစဉ်အနေအထား ပြန်လည်တွက်ချက်စဉ်းစားကြည့်လိုက်တော့ ကျောက်မဲမြို့အထိ နေ့ချင်းပြန်သွားကြမယ်ဆိုရင် အသက်အရွယ်ကြီးနေကြပြီဖြစ်တဲ့ ခရီးဖော်လူကြီးတွေ အလွန်ပင်ပန်းကြလိမ့်မယ်။ ကျောက်မဲမြို့မှာလဲ ထင်ရှားကျော်ကြားတဲ့ လှည့်လည်ပတ်စရာနေရာ ထူးထူးခြားခြားမရှိတာကြောင့် ဂုတ်ထိပ်တံတားကအပြန်မှာ ဂုတ်တွင်းလမ်းကို အဆင်းအတက်လုပ်ပြီး ရှုခင်းတွေကြည့်ကြမယ်။ ကျောက်မဲမြို့အထိ ဆက်လက်မသွားတော့ဘဲ ကျောက်ဂူတောရကို ဝင်ရောက်လှည့်လာကြမယ်ဆိုတော့ အားလုံးက သဘောတူလက်ခံကြပြီး သတ်မှတ်ရက်တနင်္ဂနွေနေ့မှာ ပြင်ဦးလွင်မြို့ကနေ မိမိရဲ့ခွေးဘီလူးကားလေးနဲ့ ထွက်ခွာလာခဲ့ကြတယ်။

မနက်စာ လက်ဖက်ရည်နဲ့မုန့်ကို ပြင်ဦးလွင်မြို့နယ်အတွင်းမှာရှိတဲ့ မြိုင်ကြီးရွာက ဆိုင်တစ်ဆိုင်မှာ စားသောက်ကြတယ်။ ဒီဆိုင်မှာစားသောက်ကြဖို့လဲ ကြိုတင်တိုင်ပင်ပြောဆိုပြီးသားပါ။ ဆိုင်က ဆိုင်သစ်တစ်ဆိုင်ဖြစ်နေတာကြောင့် သန့်ရှင်းသပ်ရပ်နေတဲ့အပြင် အစားအသောက်ကောင်းတွေ စားသောက်ကြရင်း ရှုခင်းရှုကွက်တွေကို ကြည့်ရှုခံစားလို့ကောင်းနေတယ်။ ဆိုင်ပေါ်ကနေ မနီးမဝေးတစ်နေရာမှာရှိနေတဲ့ မှိုင်းမှိုင်းညို့ညို့တောင်တန်းကြီးတွေ၊ တောင်တန်းခါးပန်းမှာ အလျားလိုက်ဖောက်လုပ်ထားတဲ့ မန္တလေး-လားရှိုးမီးရထားလမ်း၊ တောင်တန်းပေါ်၊ တောင်တန်းအောက်နဲ့ မီးရထားလမ်းဘေးက စိမ်းစိမ်းစိုစိုစိုက်ခင်းပျိုးခင်းတွေ၊ ဆိုင်နဲ့ အနီးကပ်အောက်ခြေမှာရှိနေတဲ့ သဘာဝရေတံခွန်ငယ်လေးတွေကို မြင်တွေ့နေရတယ်။ ရေတံခွန်ငယ်လေးတွေ ဖြစ်ပေါ်နေတဲ့ချောင်းက ပွဲကောက်ရေတံခွန်ချောင်းဖြစ်ပြီး ဆိုင်အနီးမှာ ပေအနည်းငယ်သာ ကွာခြားစီးဆင်းနေတယ်။ စားသောက်ဆိုင်မှာ ရှမ်းရိုးရာ ခေါက်ဆွဲအမျိုးမျိုးနဲ့ တို့ဟူးနွေး၊ တို့ဟူးသုပ်တွေအပြင် အိန္ဒိယအစားအစာတွေဖြစ်တဲ့ ပူရီ၊ ချပါတီတွေကို အသား၊ အရွက်၊ အသီးအနှံအမျိုးမျိုးနဲ့ တွဲဖက်စားသောက်နိုင်ကြတာကြောင့် မနက်စာအတွက် အဆင်ပြေနေတယ်။ အရသာရှိတဲ့ အစားအစာတွေကို စားသောက်ကြရင်း သာယာလှပတဲ့ရှုခင်းတွေကို ကြည့်ရှုခံစားကြရလို့ ပိုပြီးကောင်းမွန်အဆင်ပြေနေတယ်။

စားသောက်ကြပြီးတာနဲ့ မန္တလေးတိုင်းဒေသကြီးရဲ့ နယ်နိမိတ်အဆုံး ဝက်ဝံကျေးရွာကို ဖြတ်ကျော်လာခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ထဲကို ဝင်ရောက်လာကြတယ်။ မနက်စာရပ်နားစားသောက်ခဲ့ကြတဲ့ မြိုင်ကြီးရွာနဲ့ ဝက်ဝံရွာတို့က ကျေးရွာချင်းနီးကပ်ဆက်စပ်နေသလို ရွာတွေရဲ့သမိုင်းကြောင်းကလဲ ဆက်စပ်နေကြတယ်။ မြိုင်ကြီးရွာဆိုတာ အရင်တုန်းက သစ်ပင်သစ်တောကြီးတွေ ထူထူထပ်ထပ်အများအပြားပေါက်ရောက်နေတဲ့ စိမ့်ကြီး၊ မြိုင်ကြီး၊ တောကြီးဖြစ်နေတာကြောင့် တောမြိုင်ကိုအစွဲပြုပြီး မြိုင်ကြီးရွာလို့ အမည်တွင်ခေါ်ဆိုလာခဲ့ကြတယ်။ တစ်ခါက တောမြိုင်ကြီးအတွင်းမှာ နေထိုင်ကျက်စားနေတဲ့ တောဝက်ကြီးတစ်ကောင်က မျက်စိလည်လမ်းမှားပြီး အနီးအပါးကျေးရွာငယ်လေးအတွင်းကို ဝင်ရောက်သွားခဲ့ရတယ်။ တောဝက်ကြီးဝင်ရောက်လာတဲ့ရွာကို ဝက်ဝင်ရွာလို့ခေါ်ဆိုခဲ့ကြပြီး နောင်အခါမှာ ဝက်ဝံရွာဖြစ်လာခဲ့တယ်။ အခုလက်ရှိအချိန်မှာ ရွာသူ၊ ရွာသားတချို့က ရွာအမည်အမှန် ဝက်ဝင်ရွာဆိုပြီး ပြောင်းလဲသုံးစွဲနေကြတာကိုလဲ မကြာခဏတွေ့



မြင်နေရတယ်။

ဝက်ဝံရွာကနေ မကြာခင်မှာ နောင်ချိုမြို့အဝင်ကို ရောက်ရှိလာကြတယ်။ မြို့ဝင်ဆိုင်းဘုတ်မှာ နောင်ချိုမြို့ဆိုတာကို မြန်မာဘာသာ၊ ရှမ်းဘာသာ၊ အင်္ဂလိပ်ဘာသာ ဘာသာသုံးမျိုးနဲ့ရေးထိုးထားတယ်။ အင်္ဂလိပ်ဘာသာနဲ့ရေးထိုးထားတဲ့အခါ Naung Hkio ဆိုပြီး ရေးထိုးထားတာကို တွေ့မြင်နေရတာကြောင့် ခရီးဖော်လူကြီးတွေကို ချိုကိုဘာလို့ Cho နဲ့မချိုဘဲ Hkio လို့ချိုထားရတာလဲဆိုပြီး အကျိုးအကြောင်းမေးကြည့်တော့ လူကြီးတစ်ယောက်က ရှမ်းတိုင်းရင်းသားဘာသာစကားအသံထွက်အတိုင်း စာလုံးပေါင်းထားတာဖြစ်ကြောင်း၊ စာလုံးပေါင်းနဲ့အတူ အသံထွက်ပါ မှန်ကန်မှုရှိကြောင်း ရှင်းပြတယ်။

အရင်နောင်ချိုမြို့ကိုရောက်တိုင်း မြို့အဝင်ဆိုင်းဘုတ်ကိုရောက်ရင် ဘာကြောင့် Cho လို့ စာလုံးမပေါင်းဘဲ Hkio လို့ပေါင်းထားရတာလဲဆိုပြီး မသိရှိရတာတွေကို အခုရှင်းရှင်းလင်းလင်း သိရှိသွားခဲ့ရပါပြီ။ ဒါကလဲ ဒေသန္တရဗဟုသုတတွေပြည့်စုံကြွယ်ဝနေပြီဖြစ်တဲ့ လူကြီးတွေနဲ့ခရီးအတူထွက်ခဲ့ရတာကြောင့်သာ မသိတာတွေကိုသိရှိခဲ့ရတာပါ။ အခုခရီးစဉ်မှာ မိမိအပါအဝင် ခရီးဖော်ခြောက်ယောက်ဖြစ်ပြီး မိမိက အသက် ၅၀ နှစ်ကျော်နဲ့ ၇၆ နှစ်အရွယ် နှစ်ယောက်၊ ၇၈ နှစ်အရွယ် နှစ်ယောက်၊ အသက် ၈၃ နှစ်အရွယ် တစ်ယောက်ဖြစ်ပါတယ်။

မြို့အဝင်ဆိုင်းဘုတ်ကို ဓာတ်ပုံရိုက်ပြီးတာနဲ့ သုံးမိုင်လောက်သာဝေးတော့တဲ့ နောင်ချိုမြို့ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ခရီးထွက်လာခဲ့ကြတဲ့နေ့ရက်က တနင်္ဂနွေနေ့ လပြည့်နေ့ဖြစ်နေတာကြောင့် နောင်ချိုမြို့တွင်းကို ရောက်ရှိလာတဲ့အခါမှာလဲ ဈေးတွေပိတ်၊ ဆိုင်တွေပိတ်၊ ရုံးဌာနတွေပိတ်နဲ့ တစ်မြို့လုံးနီးပါး တိတ်ဆိတ်လို့နေတယ်။ နောင်ချိုမြို့မှာ အဓိကစည်ကားတဲ့နေရာက မြို့နယ်စည်ပင်သာယာဈေးပတ်ဝန်းကျင်တစ်ဝိုက်ပါ။ ဂုတ်ထိပ်တံတားရှိရာကို သွားရောက်တဲ့လမ်းက နောင်ချို-ရပ်စောက်လမ်းအတိုင်းဖြစ်လို့ နောင်ချိုဈေးကိုကျော်ဖြတ်ခဲ့ပြီး ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ကားမောင်းလာခဲ့ပြီး မိနစ်အနည်းငယ်အကြာမှာ ဂုတ်ထိပ်လမ်းခွဲကို ရောက်ရှိလာကြတယ်။ လမ်းခွဲက အရင်လို မြေသားလမ်းမဟုတ်တော့ဘဲ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပြီးတာကို ဝမ်းသာစွာတွေ့မြင်လိုက်ရတယ်။ လမ်းကောင်းသွားပြီဖြစ်တဲ့အတွက် ဂုတ်ထိပ်တံတားရှိရာကို တစ်ခဏတာအတွင်း ရောက်ရှိကြတော့မှာပါ။

လမ်းခွဲကနေ ချိုးဝင်မောင်းနှင်လာခဲ့ပြီး ဒေသခံရွာလေး တစ်ရွာ၊ နှစ်ရွာ၊ ပြောင်းဖူးစိုက်ခင်း၊ ကြံစိုက်ခင်းတွေကို ဖြတ်ကျော်ပြီးတာနဲ့ ဂုတ်ထိပ်တံတားရှိရာ မတ်မတ်စောက်စောက်ကုန်းဆင်းလမ်းကို ရောက်ရှိလာပါပြီ။ ဒါကြောင့်လဲ ကားကိုပိုမိုသတိထားပြီး မောင်းနှင်နေရတယ်။ ကုန်းဆင်းလမ်းမှာ ဂုတ်ထိပ်တံတားရှိရာကို သွားရောက်မဲ့မီးရထားလမ်းကို နှစ်ကြိမ်နှစ်ခါ ဖြတ်သန်းမောင်းနှင်လာခဲ့ရတယ်။ အဆင်းမတ်စောက်လှတဲ့ တောင်ကုန်းနေရာမှာ မီးရထားလမ်းကို လွန်းထိုးပုံစံဖောက်လုပ်ထားခြင်းမရှိဘဲ အလျားရှည်တဲ့ "ဂငယ်" (ဂ)ပုံစံဖောက်လုပ်ထားတာကြောင့် မီးရထားလမ်းကို ကားလမ်းကနှစ်ကြိမ် ဖြတ်သန်းခဲ့ရတာဖြစ်သလို မီးရထားကလဲ အရှေ့အရပ်တည့်တည့်ကို တစ်ကြိမ်၊ အနောက်ဘက်အရပ်တည့်တည့်ကို တစ်ကြိမ် မောင်းနှင်ခုတ်မောင်းနေရတယ်။ မီးရထားက အရပ်မျက်နှာတူညီခြင်းမရှိတဲ့ အရှေ့နဲ့အနောက်ကို ဒီလိုနှစ်ကြိမ်ဖြတ်သန်းခုတ်မောင်းနေရတာကြောင့် မီးရထားပေါ်လိုက်ပါစီးနင်းလာကြတဲ့ ခရီးသည်တွေက ဂုတ်ထိပ်တံတားကြီးကို လက်ယာဘက်ကမြင်လိုက်၊ လက်ဝဲဘက်ကမြင်လိုက်၊ ဂုတ်ထိပ်တံတားကြီးက ဟိုဘက်ရောက်သွားလိုက်၊ ဒီဘက်ရောက်သွားလိုက်နဲ့ တအံ့တသြမြင်တွေ့ကြရတော့တယ်။ မီးရထားလမ်းနေရာတွေကနေ ဂုတ်ထိပ်တံတားကြီးကို အပေါ်စီးကနေ စတင်မြင်တွေ့ကြရပါပြီ။ ဂုတ်ထိပ်တံတားရှိရာကို ကားနဲ့သွားကြတဲ့အခါ ကားပေါ်ကနေ တံတားကြီးကို မကွယ်မပျောက်မြင်တွေ့နေကြရလို့ အံ့သြမှု၊ မျက်စိလည်မှုတို့မဖြစ်ကြရပေမဲ့ ရထားနဲ့သွားလာကြတဲ့ ခရီးသည်တွေက တံတားကြီးတွေ့မြင်ကွယ်ပျောက်သွားပြီးမှ နောက်တစ်ကြိမ်ပြန်လည်တွေ့မြင်ကြတဲ့အခါ အခြားတစ်ဖက်မှာဖြစ်သွားရတာကြောင့် မျက်စိလည်ကုန်ကြရတာပါ။

အဆင်းကားလမ်းဆုံးသွားတာနဲ့ ဂုတ်ထိပ်ဘုန်းတော်ကြီးကျောင်းအနီး ကားရပ်နားစခန်းကို ရောက်ရှိကြပါပြီ။ ကားကို ရပ်နားစခန်းမှာထားခဲ့ကြပြီး မနိမ့်လွန်း၊ မမြင့်လွန်း အုတ်စီလှေကားထစ်တွေအတိုင်း ဂုတ်ထိပ်ဘူတာရှိရာကို ဆင်းသွားကြရတယ်။ မြေလှမ်းအနည်းငယ်၊ မိနစ်အနည်းငယ်အတွင်းမှာ ဘူတာရုံရှိရာကို ရောက်လာကြတယ်။ ဘူတာကနေ တစ်ဆင့် ရထားလမ်းအတိုင်း တံတားရှိရာကို ဆက်လက်လျှောက်လှမ်းကြရတယ်။ ဘူတာအနီးမှာ ၁၉၀၅ ခုနှစ်တုန်းက တည်ဆောက်ထုတ်လုပ်ခဲ့တဲ့ ရထားစက်ခေါင်းလှည့် ဆုံလည်ခုံ (TURNTABLE) တစ်ခုကိုလဲ ရှေးတုန်းကပုံစံအတိုင်း တွေ့မြင်နေရတယ်။

ဆုံလည်ခုံကိုကျော်၊ တောင်ကြားအကွေ့တစ်ခုကို ဖြတ်လျှောက်ပြီးတာနဲ့ ဂုတ်ထိပ်တံတားကြီးကို နီးနီးကပ်ကပ်မျက်ဝါးထင်ထင်မြင်တွေ့ကြရပါပြီ။ ဘူတာရှေ့အဝေးကနေ တွေ့မြင်ခဲ့ကြရတဲ့ မြင်ကွင်းထက် အခုလိုနီးနီးကပ်ကပ်တွေ့မြင်ရတဲ့မြင်ကွင်းက ပိုမိုပျော်ရွှင်စရာကောင်းတယ်လို့ စိတ်ထဲမှာခံစားလိုက်ရတယ်။ တံတားကြီးကို အနီးကပ်လှည့်လာကြည့်ရှုပြီးကြတာနဲ့ တံတားပေါ်မှာ ဖြတ်သန်းလမ်းလျှောက်ကြဖို့ စီစဉ်ကြတယ်။ တကယ်တော့ တံတားလုံခြုံရေးနဲ့ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တံတားပေါ်မှာဖြတ်သန်းလမ်းလျှောက်ခွင့်မရှိပါဘူး။ ဒါပေမဲ့ တံတားကိုလာရောက်လှည့်လာကြည့်ရှုကြတဲ့ ဧည့်သည်အရေအတွက် အလွန်နည်းပါးနေတဲ့အချိန်တွေမှာ လုံခြုံရေးတာဝန်ရှိသူတွေက နားလည်မှုပေးပြီး ခွင့်ပြုပေးထားတယ်။ ဒီလိုနားလည်မှုနဲ့ ခွင့်ပြုပေးထားတယ်ဆိုတာကလဲ နယ်မြေအကန့်အသတ်နဲ့ပါ။ သတ်မှတ်နေရာထက်ကျော်လွန်ပြီး သွားရောက်ခွင့်မရှိပါဘူး။

တံတားပေါ်ကို စတင်လျှောက်တော့မဲ့အချိန်မှာ အသက် ၈၃ နှစ်အရွယ် ခရီးဖော်လူကြီးက လမ်းလျှောက်ရင်း မူးဝေလဲကျမှာကို စိုးရိမ်ပူပန်တဲ့အတွက် တံတားထိပ်မှာပဲ စောင့်ကျန်နေရစ်ခဲ့ရတယ်။ ကျန်တဲ့ အသက် ၇၀ နှစ်ကျော် ခရီးဖော်တွေအားလုံးကတော့ တံတားကြီးပေါ်အထိ တဖြည်းဖြည်းလျှောက်လှမ်းရင်း လိုက်ပါလာကြတယ်။ ထူးခြားချက်အနေနဲ့ကတော့ ခရီးဖော်လူကြီးတွေအားလုံး တံတားပေါ်ကို ရထားနဲ့သာ ဖြတ်သန်းဖူးကြပြီး ခြေကျင်ခရီးမသွားဖူးကြသေးတာပါ။

တံတားကြီးနဲ့ပတ်သက်ပြီး နောက်ခံသမိုင်းအချက်အလက်တွေကတော့ ရှေးယခင်အခါက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်ထဲမှာ ရှမ်းဘာသာအမည်နဲ့ ဟိုကွတ်ဆိုတဲ့ ရွာကြီးတစ်ရွာရှိခဲ့တယ်။ တချို့ကလဲ ဟိုကွတ်ကို ငုတ်ထိပ်လို့ခေါ်ဆိုခဲ့ကြပြီး ဟိုကွတ်နဲ့ ငုတ်ထိပ်တို့ရဲ့ အဓိပ္ပာယ်က မြစ်တွေ၊ ချောင်းတွေ ငုပ်လျှိုးပျောက်ကွယ်သွားတဲ့နေရာလို့ အဓိပ္ပာယ်ရနေတယ်။ မြန်မာလူမျိုးတွေကတော့ ဟိုကွတ်ကို ငုတ်ထိပ်လို့ပဲ ခေါ်ဆိုလာခဲ့ကြတယ်။ ငုတ်ထိပ်ရွာအနီးမှာ နမ်းပဆေးချောင်းကြီးက မြေကြီးထဲကို တိုးဝင်ငုပ်လျှိုးစီးဆင်းသွားပြီး အခြားတစ်နေရာမှာ မြစ်ကြောင်းအဖြစ်နဲ့ ပြန်လည်ပေါ်ပေါက်လာခဲ့တယ်လို့ အဆိုရှိကြတယ်။ ဒါကြောင့် ဒီနေရာကို ငုတ်ထိပ်လို့ စတင်ခေါ်ဆိုလာကြသလို ကာလတွေရွေ့လျားရှည်ကြာလာတဲ့အခါ ငုတ်ထိပ်ကနေ ဂုတ်ထိပ်ဖြစ်လာခဲ့ရတယ်။ ဂုတ်ထိပ်တံတားကြီးက အခုအချိန်မှာ နောင်ချိုမြို့နယ်နဲ့ ကျောက်မဲမြို့နယ်တို့ရဲ့ နယ်နိမိတ်အဖြစ်တည်ရှိနေတယ်။ ဂုတ်ထိပ်ဘူတာကတော့ နောင်ချိုမြို့နယ်အတွင်းမှာပါ။

ဂုတ်ထိပ်တံတားကြီးက မန္တလေး- လားရှိုးမီးရထားလမ်း၊ နောင်ချိုဘူတာရဲ့ ခုနစ်မိုင်အကွာမှာတည်ရှိနေပြီး ၁၉၀၃ ခုနှစ်က ဆောက်လုပ်ပြီးစီးခဲ့တာဖြစ်ပါတယ်။ တံတားကြီးရဲ့ထူးခြားချက်က အခြားတံတားတွေလို မြစ်တွေ၊ ချောင်းတွေကို ဖြတ်ကျော်တည်ဆောက်ထားတာမဟုတ်ဘဲ ပေပေါင်း ၃၀၀ ကျော်မတ်စောက်တဲ့ လျှိုကြီးနှစ်ခုကို ဆက်သွယ်ဖောက်လုပ် တည်ဆောက်ထားတာပါ။ ကမ္ဘာပေါ်မှာ ဒုတိယအမြင့်ဆုံး တံတားကြီးလဲဖြစ်ပါတယ်။ ဟိုကွတ်ရွာလို့ပဲ ပြောခဲ့ပြောခဲ့၊ ငုတ်ထိပ်ရွာလို့ပဲဆိုခဲ့ဆိုခဲ့ အခုအချိန်မှာ ဂုတ်ထိပ်ဆိုပြီး ကမ္ဘာကျော်နေတဲ့တံတားကြီးပေါ် ဖြတ်သန်းလမ်းလျှောက်လှည့်လာလိုက်ကြပါအုံးမယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

# ရေဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော နွေစပါး ၄၀၁၂ ဧက ရိတ်သိမ်းပြီးစီး



**ရေဦး ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော နွေစပါး ၄၀၁၂ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ နွေစပါး ၄၀၁၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၇ ဒသမ ၁၈ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီက ရေဦးမြို့နယ်မှာ နွေစပါးဧက ၄၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ နွေစပါးဧက ၇၀၀၀ ကျော်ပဲ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခု ရိတ်သိမ်းနေကြပါပြီ။ လက်ရှိမှာတော့ နွေစပါးဧက ၄၀၀၀ ကျော် ရိတ်သိမ်းပြီးစီးနေပါပြီ။ ဆက်ပြီးလဲ ရိတ်သိမ်းနေပါတယ်။ အထွက်နှုန်းလဲ ကောင်းမွန်ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် နွေစပါးဧက ၄၀၂၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိ စိုက်ပျိုးခဲ့ရာ နွေစပါး ၇၉၀၁ ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးသည့်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးရန် အသိပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာပေးခြင်း၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် နွေသီးနှံစိုက်ပျိုးရာသီက စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် နွေစပါး ၄၅၅ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ရေဦးမြို့နယ်တွင် မိုးစပါး ဧက ၈၂၀၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ချောင်းဆုံမြို့နယ် မုနိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ချောင်းဆုံ ဇူလိုင် ၂၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက Shwe Bank နှင့် ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက မုနိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းယုက ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေထုတ်ယူခြင်း အစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများကို Mobile Financial Payment စနစ်အသုံးပြုကာ ထုတ်ချေးပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီနိုင်စေခြင်း၊ ငွေကြေးမသမာမှုများကြောင့် ဆုံးရှုံးနိုင်မှု လျော့နည်းစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Shwe Bank နှင့်ပူးပေါင်း၍ Manual Cash - Based စနစ်အစား Mobile Financial Payment စနစ်အသုံးပြုကာ မုနိုင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သန်း ၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# စင်ပေါ်ကစာအုပ်များ (၅)

**မန်းတင့်မော်**

မြန်မာစကားတွင်"ရွှေထုံးလည်းမပယ်နှင့်၊ ဈေးသုံးလည်းမလွယ်နှင့်"ဟူသော ဆုံးမစကားရှိပါသည်။ အချို့သောရွှေထုံးများသည် ယနေ့ခေတ်အခါနှင့် အံမဝင်တော့၍ ပယ်ကြရသည်များလည်းရှိသည်။ သို့ရာတွင် မိမိတို့၏ ဘိုးဘွားဘီဘင်မှအစပြု၍ သား၊ မြေး၊ မြစ်များသို့တိုင် ယဉ်ကျေးမှုဓလေ့ထုံးစံများ အစဉ်အဆက် စီးဆင်းလက်ဆင့်ကမ်းခဲ့ကြသည်မှာ အားလုံးအသိပင်ဖြစ်သည်။ သမိုင်းပညာရှင်များက ဖော်ထုတ်ခွဲခြားပြသော မြန်မာ့သမိုင်းမှာ ကာလရှည်လျားခဲ့သည်။ ထိုကာလနှင့်အတူ ပေါ်ပေါက်ခဲ့သော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကလည်း လေ့လာ၍ ဆုံးနိုင်ဖွယ်မမြင်ပါ။

လက်လှမ်းမီသမျှ ကျောက်စာ၊ မင်စာ၊ ပေစာ၊ ပုရပိုက်စာများကလည်း ခေတ်တစ်ခေတ်၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးများကို ထင်ဟပ်စေခဲ့သည်သာ ဖြစ်ပါသည်။ အဆင့်ဆင့်ဖြတ်သန်းလာခဲ့သော သမိုင်းကြောင်းနှင့်အတူ မှတ်တမ်းမှတ်ရာများကိုလည်း သိရှိကြမှသာ ကျိုးကြောင်းဆင်ခြင်ရာတွင် အထောက်အကူဖြစ်မည်မှာမလွဲပါ။ မြန်မာ့ဓလေ့နှင့် ယဉ်ကျေးမှု၊ ရာသီပွဲတော်နှင့်အတွေးအမြင်ဆိုင်ရာများကို လေ့လာဖော်ထုတ်တင်ပြထားသော စာအုပ်တစ်အုပ်ကို တင်ပြလိုပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော် ၁၉၇၉ ခုနှစ်တွင် စာပေဗိမာန်မှထုတ်ဝေခဲ့သော ဟံသာဝတီဦးဘရင်၏ "ရွှေထုံးစဉ်လာ"စာအုပ်ဖြစ်ပါသည်။

စာအုပ်ထုတ်ဝေခဲ့သည်မှာ ကာလအတန်ကြာပြီဖြစ်ရာ သိမီသူတချို့မှလွဲ၍ ယနေ့လူငယ်များနှင့် အနည်းငယ်အလှမ်းဝေးနိုင်ပါသည်။ အဆိုပါစာအုပ်၏ နောက်ကျောဖုံးတွင်-

- "ရွှေမြန်မာကြီးတို့၏ အတွေးအခေါ် အယူအဆများ
- ရွှေမြန်မာတို့၏ ဓလေ့ထုံးစံအစဉ်အလာများ
- မြန်မာ့ရိုးရာယဉ်ကျေးမှုများ
- စိတ်နှလုံးအေးချမ်းစေသော ရွှေမြန်မာကြီးတို့၏ အဆုံးအမသြဝါဒများကို ဤစာအုပ်တွင် တွေ့ကြရမည်။
- သင်ကိုယ်တိုင်မြန်မာအယူအဆ စရိုက်ဓလေ့များကို ခံစားပါ။ သင့်သားသို့းများကိုလည်း ခံစားပါစေ" (မူရင်းသတ်ပုံအတိုင်း)ဟူ၍ ပါရှိသည်။

စာအုပ်ပါအကြောင်းအရာများကို အတိုချုပ်မိတ်ဆက်ထားခြင်းဖြစ်သည်။ မှန်ပါသည်။ အထက်ပါအကြောင်းအရာအားလုံး ပါဝင်လျက်ရှိပြီး သုတ၊ ရသနှစ်မျိုးစလုံး ရရှိနိုင်သောစာများ အကျုံးဝင်လျက်ရှိနေပါသည်။ မာတိကာတွင် အခန်းပေါင်း ၃၀ ခွဲ၍ တင်ပြထားသည်။ ရာသီဘွဲ့နှင့်စပ်လျဉ်း၍ ဆောင်းပါးခုနစ်ပုဒ်ပါရှိကာ ဝါဆိုလကို လမြတ်ဝါဆိုဟု ခေါင်းစဉ်တပ်ထားသည်။

"မြန်မာလူမျိုးတို့၏ တနှစ်အဖို့တွင် ၁၂ လရှိရာ ယင်းတို့မှ လမြတ်တခုအပါအဝင်ဖြစ်သော ရှေးအခေါ် မြွယ်တာလဖြစ်သည့် ဝါဆိုလအကြောင်းကို ဆိုဦးအံ့" ဟု နိဒါန်းပျိုးထားသည်။ နိဒါန်းအရေးအသားကပင် ရွှေဆန်လျက်ရှိနေသည်။ ဆက်လက်၍ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးကို ပိုင်းခြားပြဆို၍ ရဟန်းတော်များ ဝါဆိုဝါကပ်ကြရပုံကို ပါဠိစာသားများဖြင့် ကိုးကားပြဆိုသည်။ ဝါတွင်းကာလကိုဆစ်ပိုင်း၍ ဖော်ပြထားသည်။

ဝါဆိုလတွင်ကျင်းပသောပွဲကို မြန်မာ့ဆယ်နှစ်လရာသီပွဲတော်များဆိုင်ရာ "သင်္ကြန်တန်ခူး၊ နှစ်ဦးညောင်ရေ၊ စာပုလွှခင်း၊ ပဥ္စင်းတော်ခံ၊ စာရေးတံနှင့်၊ မြစ်ယံပွဲကြီး၊ ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း၊ မြင်းခင်းထွက်ဝင်၊ သဘင်မီးပုံး၊ ဂူလုံးသဲပုံ၊ စေ့စုံစီလျဉ်၊ ဤသို့ယှဉ်သား၊ အစဉ်ပြမြဲ၊ ဆဲ့နှစ်ပွဲတည်"ဟူသော သာဓိနပျို့တွင် လက်ဝဲသုန္ဒြ စပ်ဆိုထားသည့်အတိုင်း ဝါဆိုလတွင်ကား ပဥ္စင်းခံ၊ သျှင်ပြုပွဲများပြုလုပ်သော ပွဲတော်ကြီးတရပ်လည်း ဖြစ်ပါပေ၏။ (မူရင်းသတ်ပုံ) ဟု ကိုးကားပြပြန်ပါသည်။

ဝါဆိုပန်းဟုခေါ် ဆိုကြသော ပန်းအမျိုးမျိုးတွင် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဝါဆိုပန်းခူးထွက်သောဓလေ့ရှိသည်။ ပန်းတိမ်ငိုပန်းနှင့် မျိုးစုတူမျိုးစိတ်ကွဲ အဝါရောင်ပွင့်သော သဘာဝတောပန်းလေးများကို ဝါဆိုပန်းဟုခေါ် ဆိုကြောင်း မှတ်သားမိသည်။ ယောနယ်တွင်လည်း ဝါဆိုပန်း၊ ဝါကျွတ်ပန်းခူးထွက်သောဓလေ့လည်းရှိသည်။ ယခု ရွှေထုံးစဉ်လာစာအုပ်တွင် အခြားစာများ၌ တွေ့ရသော ဝါဆိုလ၏ရာသီပန်းကို ပုန်းညက်ပန်းအပြင် မိကျောင်းပန်း၊ မြတ်လေးပန်း၊ နှင်းဆီပန်းနှင့် အနန်းပန်းဟူ၍ဖတ်ရှုရသည်။ ကျန်ပန်းများကို ရင်းနှီးသော်လည်း အနန်းပန်းကိုလက်လှမ်းမမီပါ။ ဆက်လက်ရှာဖွေမေးမြန်းရဦးမည့် ပန်းတစ်မျိုးဖြစ်နေသည်။ သိရှိသူများဖော်ထုတ်ပေးကြပါရန်လည်း မေတ္တာရပ်ခံလိုပါသည်။ ဆရာကြီးဦးဘရင်က ဝါဆိုလ၏ ရာသီကြယ်ကိုလည်း နက္ခတ်ဆိုင်ရာဖြင့် ဖျိုင်းတာရာ ဖြစ်ကြောင်း မှတ်သားဖွယ်ညွှန်းပါသည်။

အများသိဝါဆိုလကို ပုဂံခေတ်ကအခေါ် မြွယ်တာလဆိုသည်မှာ မြေ၏အပိုင်းအခြားပြသော လဟူ၍ ပုဂံကျောက်စာ၊ မင်စာတို့ကို ကိုးကားပြဆိုထားပြန်ရာ သုတတိုးရပါသည်။

စာအမှတ်စဉ်(၂၀) တွင် ဖော်ပြပါရှိသော "ပညာရှိနှင့်သူတော်ကောင်း"ဆောင်းပါးကလည်း အထူးဖတ်ရှုထိုက်ပါသည်။ "ကမ္ဘာပေါ်ရှိ မည်သည့်တိုင်းပြည်၊ မြို့နယ်မဆို ပညာရှိတယောက် ပေါ်ထွန်းလာခဲ့လျှင် ထိုတိုင်းပြည်၊ မြို့ရွာများရှိ လူအပေါင်းတို့မှာ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းကို ဖြစ်စေနိုင်လေတော့သည်" ဟူ၍ အစပျိုးထားခြင်းကပင်လျှင် မှတ်သားဖွယ်အဆိုအမိန့်ဟု ယူမိပါသည်။

ပညာကိုဖွင့်ဆိုရာတွင် "ဝေဘန်ခွဲခြား၍သိခြင်းပင်ဖြစ်၏"ဟုဖွင့်သည်။ သတ္တဝါတို့၏ သိခြင်းသုံးမျိုးကို သညာသိ၊ ဉာဏ်သိနှင့် ပညာသိဟူ၍ပိုင်းခြားသည်။ သညာသိမှာ သာမန်အမှတ်အသား၊ ဉာဏ်သိမှာ ထိုးထွင်း၍သိခြင်းနှင့် ပညာသိမှာ ဝေဘန်ခွဲခြား၍သိခြင်းဟူ၍လည်း ဖွင့်ဆိုအသိပေးပြန်သည်။ သညာသိထက် ဉာဏ်သိက တန်ဘိုးရှိ၏။ ဉာဏ်သိထက် ပညာသိက အလွန်ပို၍ တန်ဘိုးရှိသည်ဟူ၍လည်း မှတ်ချက်ပြုပြန်ပါသေးသည်။

သူတော်ကောင်းနှင့်ဆိုင်သောအချက်ကို သရုပ်ဖော်ရာတွင် "ပညာရှိရုံနှင့်သာမပြီးသေး။ သူတော်လည်း ကောင်းရပေဦးမည်"ဟူ၍ တိုတိုရှင်းရှင်းဖွင့်ဆိုသည်။ ပညာရှိနှင့် သူတော်ကောင်းကို ခွဲခြား၍သိရန်လိုကြောင်းကိုလည်း သတိပေးသည်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိဩတ္တပ္ပတည်းဟူသော သူတော်ကောင်းတရားခုနစ်ပါးကို ဗုဒ္ဓဘာသာဝင်တိုင်း သိရှိထားကြသည်။ ဆရာဦးဘရင်က အမှာတော်ရေးဦးရှင်ကလေး၏ လောကနီတိပျို့လာ သူတော်ကောင်းဥစ္စာ ၁၂ ပါးကိုလည်း ကိုးကားပြထားပါသေးသည်။

(၁) စိတ်ထားရှည်စွာ
(၂) မကြွားဝါခြင်း
(၃) မပြင်းဒေါသ
(၄) မာနမထူး
(၅) ကျေးဇူးသိမြင်
(၆) ဂုဏ်အင်မပြိုင်
(၇) ပြည့်လှိုင်တင့်နိုး၊ ကိုယ်ကျိုးကိုသာ မရှာပေလစ်
(၈) သူ့အပြစ်ကို၊ မှတ်ဆစ်မထား
(၉) သူတပါးကိုစကားပြစ်တင်၊ မဆိုကြဉ်ရှောင်
(၁၀) မကောင်းမှုဒွ်၊ မကြိုက်မရွှင်
(၁၁) ကောင်းမှုမြင်မူ၊ ကြည်လင်ဝမ်းသာ
(၁၂) သည်းခံမှာလည်း၊ များစွာဖြည်းသော်၊ လူသူတော်ဟု၊ အံ့သြသိမြင် မှတ်တုံကျင်လော့"ဟူသော လင်္ကာကိုလည်းမှတ်သားသင့်ပါ၏။

လူလေးမျိုးရှိရာတွင်-
(၁) ပညာလည်းရှိ၏၊ သူတော်ကောင်းလည်းဖြစ်၏။
(၂) ပညာလည်းမရှိ သူတော်ကောင်းတရားလည်းမရှိ။
(၃) ပညာသာရှိ၍ သူတော်ကောင်းတရားမရှိ။
(၄) သူတော်ကောင်းတရားသာရှိ၍ ပညာမရှိ။

ဟူ၍ ခွဲခြားပြထားရာ နံပါတ် (၁) အမျိုးအစားဖြစ်ရန် လွန်စွာအရေးကြီးလှပါသည်။ ပညာရှိလည်းဖြစ်၊ သူတော်ကောင်းလည်း ဖြစ်သောပုဂ္ဂိုလ်မှာ ထိပ်တန်းအကျဆုံးဖြစ်၍ ပညာပင်မရှိသော်လည်း သူတော်ကောင်းတရားတည်သောပုဂ္ဂိုလ်ကို ဒုတိယတန်းအဖြစ်မျိုး၌ တည်ရှိနိုင်လေတော့သည်ဟူ၍လည်း အဆင့်ခွဲခြားပြပါသေးသည်။

"ရွှေထုံးစဉ်လာ"စာအုပ်ပါ ပညာရှိနှင့် သူတော်ကောင်းဆောင်းပါးတွင် ဗုဒ္ဓတရားတော်လာ ပုံဝတ္ထုများနှင့် သမိုင်းဆိုင်ရာအဖြစ်အပျက်များကိုလည်း သာဓကဆောင်ထားပါသေးသည်။ စာရေးသူ ဟံသာဝတီဦးဘရင်မှာ ဟံသာဝတီ(ရန်ကုန်)သတင်းစာတစ်ခေတ်က အယ်ဒီတာတစ်ဦးဖြစ်ပြီး လောကီ၊ လောကုတ္တရာ နှစ်ဖြာသောစာပေများကို နှံ့စပ်ကျွမ်းကျင်ကြောင်း ဤစာအုပ်ကိုဖတ်ခြင်းဖြင့် သိရှိနိုင်သည်။

"ပညာလည်းရှိ၍ သူတော်လည်းကောင်းသော ပုဂ္ဂိုလ်ဖြစ်စေ၊ သို့မဟုတ် ပညာမရှိသော်လည်း သူတော်ကောင်းဖြစ်စေ၊ ထိုပုဂ္ဂိုလ်မျိုးမြောက်မြားစွာ ပေါ်ထွက်လျှင် မည်သည့်တိုင်းပြည်မြို့ရွာမျိုး၌မဆို သတ္တဝါအပေါင်းတို့မှာ ငြိမ်းချမ်းသာယာ၍ စည်ပင်ဝပြောနိုင်ကြောင်း။ ထို့ကြောင့် ကျွန်ုပ်တို့ပြည်ထောင်စု မြန်မာပြည်နှင့်တကွ တိုင်းပြည်မြို့ရွာတိုင်းတို့၌ ပညာမဲ့သူယုတ်မာများပပျောက်၍ ပညာရှိသူတော်ကောင်းနှင့် ပညာမရှိသော်လည်း သူတော်ကောင်းဖြစ်သောပုဂ္ဂိုလ်များ များစွာပေါ်ထွက်လာစေသောဝ်ဟု မျှော်လင့်လျက်ဖြင့် ရေးသားလိုက်ရပေသတည်း"ဟူ၍ အဆုံးသတ်ထားပါသည်။ ရွှေထုံးစဉ်လာ စာအုပ်ပါ အခြားဆောင်းပါးများကိုလည်း မျှဝေတင်ပြရန်ရှိနေပါကြောင်း ရေးသားလိုက်ရပါသတည်း။

❖"ပညာလည်းရှိ၍ သူတော်လည်းကောင်းသော ပုဂ္ဂိုလ်ဖြစ်စေ၊ သို့မဟုတ် ပညာမရှိသော်လည်း သူတော်ကောင်းဖြစ်စေ၊ ထိုပုဂ္ဂိုလ်မျိုး မြောက်မြားစွာပေါ်ထွက်လျှင် မည်သည့်တိုင်းပြည်မြို့ရွာမျိုး၌မဆို သတ္တဝါအပေါင်းတို့မှာ ငြိမ်းချမ်းသာယာ၍စည်ပင်ဝပြောနိုင်ကြောင်း။ ထို့ကြောင့် ကျွန်ုပ်တို့ပြည်ထောင်စု မြန်မာပြည်နှင့်တကွ တိုင်းပြည်မြို့ရွာတိုင်းတို့၌ ပညာမဲ့သူယုတ်မာများပပျောက်၍ ပညာရှိသူတော်ကောင်းနှင့် ပညာမရှိသော်လည်း သူတော်ကောင်းဖြစ်သောပုဂ္ဂိုလ်များ များစွာပေါ်ထွက်လာစေသောဝ်ဟု မျှော်လင့်လျက်ဖြင့် ရေးသားလိုက်ရပေသတည်း"ဟူ၍ အဆုံးသတ်ထားပါသည်။ ❖

**ကိုးကား**

- **ရွှေထုံးစဉ်လာ ဟံသာဝတီဦးဘရင် စာပေဗိမာန် ၁၉၇၉**

# ဝေါမြို့နယ် ကျုံသင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ဝေါ ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုံသင်ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၉ ရက်က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ အကျုံးဝင်သောလုပ်ငန်းခွဲများ၊ ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့်တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ ကျေးရွာကော်မတီရွေးချယ်မှုသတ်မှတ်ချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ပြောကြားပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများဆန္ဒသဘောနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဝေါမြို့နယ် ကျုံသင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ပြောပြ၍ သိရသည်။

**ကိုညီ**

# ၂၀၂၃ ခုနှစ် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်မှာ အစဉ်အလာကောင်းတဲ့ အသင်းကြီးတွေကိုပဲ အားပေးရမှာပါ

M L




ဒီတစ်ပတ်မှာတော့ နယူးဇီလန်နဲ့ ဩစတြေးလျနိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပနေတဲ့ ၂၀၂၃ ခုနှစ် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု အဖွင့်ပွဲစဉ်တွေကစားမှာဖြစ်ပါတယ်။ အဲဒီထဲက ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အစဉ်အလာကောင်းတွေရှိပြီး ကစားသမားစုဖွဲ့မှုနဲ့ အသင်းလိုက်ကစားအားကောင်းနေတဲ့ အသင်းကြီးတွေကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။ လာမဲ့ စနေနေ့ညမှာတော့ တိုက်စစ်ပိုင်းထက်မြက်ပြီး အုပ်စုအဆင့်က တက်ရောက်ဖို့အစွမ်းကုန်ကြိုးစားလာမဲ့ အသင်းတွေနဲ့သာ လက်တွဲသွားရမှာဖြစ်ပါတယ်။

**ဂျပန်အသင်းကို ရွေးချယ်ရမှာပါ**

စနေနေ့ညမှာကစားမဲ့ အမျိုးသမီးကမ္ဘာ့ဖလားအုပ်စု အဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ ဇမ်ဘီယာအသင်းနဲ့ ဂျပန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဇမ်ဘီယာအမျိုးသမီးအသင်းဟာ ၁၉၉၁ ခုနှစ်က စတင်ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ပိုင်း တစ်ကြိမ်မျှဝင်ခွင့်မရခဲ့ပေမဲ့ ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ် အာဖရိကဖလားပြိုင်ပွဲမှာ တတိယနေရာရရှိခဲ့တာကြောင့် ၂၀၂၃ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကမ္ဘာ့ဖလားအုပ်စု(ခ)မှာ ဂျပန်၊ စပိန်၊ ကော်စတာရီကာ အသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်နေတာဖြစ်ပါတယ်။ သူတို့အသင်းကိုတော့ နိုင်ငံတွင်းမှာကစားနေတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားတာကြောင့် အခုအုပ်စုမှာ အင်အားအနည်းဆုံးလို့ဆိုရမှာပါ။ လက်ရှိ နည်းပြမော်ဗီလက်အောက်မှာ တိုက်စစ်မှူး ဘရန့်ဒါက ခြေစွမ်းပြဂိုးတွေသွင်းယူနေတာကြောင့် ဂျပန်အသင်းအနေနဲ့ဘရန့်ဒါကို ထိန်းချုပ်နိုင်ရင် ဇမ်ဘီယာအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာ သေချာပါတယ်။

ဂျပန်အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အောင်မြင်မှုရယူထားနိုင်တဲ့ ပထမဆုံးအာရှအမျိုးသမီးအသင်းဖြစ်သလို ၂၀၁၁ ခုနှစ် ဂျာမနီမှာကျင်းပတဲ့ ကမ္ဘာ့ဖလားမှာလဲ အမေရိကန်ကိုအနိုင်ရယူပြီး ဆုဖလားရယူနိုင်ခဲ့သလို ၂၀၁၅ ခုနှစ်မှာလဲ ဗိုလ်လုပွဲထိတက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိသူတို့အသင်းကိုတော့ ပရီးမီးယားလိဂ်ကလပ်အသင်းတွေမှာ ခြေစွမ်းပြကစားနေတဲ့ ကစားသမားအများစုနဲ့ ဖွဲ့စည်းထားတာကြောင့် အသင်းလိုက်ကစားအားကောင်းနေသလို အခုအုပ်စုမှာ အုပ်စုအဆင့်ကကျော်ဖြတ်ဖို့ အခွင့်အရေးကောင်းနေတဲ့ အသင်းလဲဖြစ်ပါတယ်။ ဂျပန်အသင်းဟာ နည်းပြ အီကီဒါလက်အောက်မှာ ခြေစွမ်းပြသနိုင်ခဲ့ပေမဲ့ ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း ပွဲစဉ်တွေမှာတော့ အရှုံးဆက်ခဲ့ပြီး နိုင်ပွဲတစ်ပွဲသာရရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကမ္ဘာ့ဖလားသမိုင်းမှာ ၁၉၉၁ ခုနှစ် စတင်ကျင်းပချိန်ကစပြီး နှစ်စဉ်ခြေစစ်ပွဲအောင်မြင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ ၂၀၁၁ ခုနှစ် ဆုဖလားရပြီး နောက်ပိုင်း ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် ၂၀၁၅ ခုနှစ်မှာ ဗိုလ်လုပွဲ၊ ၂၀၁၉ ခုနှစ်မှာ ၁၆ သင်းအဆင့်ထိ ရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် အစဉ်အလာနဲ့ အတွေ့အကြုံအရ ဇမ်ဘီယာအသင်းထက်သာလွန်နေတဲ့ ဂျပန်အသင်းကို ရွေးချယ်ရမှာဖြစ်ပါတယ်။

**ဇမ်ဘီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| တောင်ကိုရီးယား | ၅ | - | ၀ | ဇမ်ဘီယာ |
| ဇမ်ဘီယာ | ၃ | - | ၁၀ | နယ်သာလန် |
| တရုတ် | ၄ | - | ၄ | ဇမ်ဘီယာ |
| ဘရာဇီး | ၁ | - | ၀ | ဇမ်ဘီယာ |
| ဂျာမနီ | ၂ | - | ၃ | ဇမ်ဘီယာ |

**ဂျပန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အင်္ဂလန် | ၄ | - | ၀ | ဂျပန် |
| ဂျပန် | ၀ | - | ၁ | ဘရာဇီး |
| အမေရိကန် | ၁ | - | ၀ | ဂျပန် |
| ကနေဒါ | ၀ | - | ၃ | ဂျပန် |
| ဒိန်းမတ် | ၁ | - | ၀ | ဂျပန် |

**ဒိန်းမတ်အသင်း အနိုင်ရမှာပါ**

စနေနေ့ညမှာကစားမဲ့ အမျိုးသမီးကမ္ဘာ့ဖလားအုပ်စုအဖွင့်ပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဒိန်းမတ်အသင်းနဲ့ တရုတ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ကမ္ဘာ့အဆင့် သတ်မှတ်ချက်(၁၃)မှာရပ်တည်နေတဲ့ ဒိန်းမတ်အသင်းဟာ ဥရောပဇုန်အသင်းတွေထဲမှာ ခြေစွမ်းပိုင်းကောင်းတဲ့ အသင်းတစ်သင်းဖြစ်တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာလဲ ဘော့စနီးယား၊ မွန်တီနီဂရိုး၊ အဇာဘိုင်ဂျန်၊ မော်လ်တာအသင်းတို့နဲ့ တွေ့ဆုံခဲ့ပေမဲ့ ရှုံးပွဲမရှိ ရမှတ်အပြည့်ရခဲ့တာကြောင့် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းသွင်းဂိုး ၄၀ ထိသွင်းယူနိုင်ခဲ့ပြီး ခံစစ်ကတော့ နှစ်ဂိုးသာခွင့်ပြုခဲ့ရတာကို သတိပြုရမှာပါ။ ဒါ့ပြင် နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာလဲ လေးပွဲနိုင်၊ တစ်ပွဲသာရှုံးခဲ့သလို တိုက်စစ်ပိုင်းက သွင်းဂိုး ခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒိန်းမတ်အသင်းဟာ ကမ္ဘာ့ဖလားသမိုင်းမှာ ၂၀၀၃၊ ၂၀၁၁၊ ၂၀၁၅၊ ၂၀၁၉ ခုနှစ်တွေမှာ ခြေစစ်ပွဲမအောင်မြင်ခဲ့ပေမဲ့ အခုနှစ်မှာတော့ အကောင်းဆုံးပုံစံနဲ့ ကမ္ဘာ့ဖလားမှာ ပါဝင်နိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကမ္ဘာ့ဖလားမှာ ကွာတားဖိုင်နယ်အဆင့်ထိ အမြင့်ဆုံးရောက်ခဲ့ပေမဲ့ လက်ရှိခြေစွမ်းနဲ့စုဖွဲ့မှုမှာ တရုတ်အသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာ သေချာပါတယ်။

တရုတ်အမျိုးသမီးအသင်းဟာ ကမ္ဘာ့ဖလားသမိုင်းမှာ အာရှတိုက်ရဲ့ ဒုတိယအအောင်မြင်ဆုံး အသင်းဖြစ်ခဲ့ပေမဲ့ လက်ရှိအချိန်မှာတော့ ခြေစွမ်းပိုင်းကျဆင်းသွားခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ လက်ရှိကမ္ဘာ့အဆင့်(၁၄)မှာရပ်တည်နေပြီး ဒိန်းမတ်နဲ့ ဘောလုံးအဆင့်အတန်းကွာဟမှုမရှိပေမဲ့ အသင်းလိုက်ကစားအားနဲ့ ကစားသမားစုဖွဲ့မှုမှာတော့ အားနည်းနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကမ္ဘာ့ဖလားသမိုင်းမှာ ၂၀၁၁ ခုနှစ်မှာ ခြေစစ်ပွဲမအောင်မြင်ခဲ့ပေမဲ့ ကျန်နှစ်တွေမှာတော့ ၁၆ သင်းအဆင့်ထိ အနိမ့်ဆုံးရောက်ရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ အသင်းလိုက်ကစားအားကျဆင်းနေတာကြောင့် ပြိုင်ပွဲစုံ ငါးပွဲမှာ တစ်ပွဲသာ သရေကျခဲ့ပြီး ခံစစ်ပိုင်းကပေးဂိုး ၂၃ ဂိုးထိ ခွင့်ပြုခဲ့ရတာကို သတိပြုရမှာပါ။ လက်ရှိမှာလဲ ဒိန်းမတ်အသင်းဟာ ခြေစွမ်းပိုင်းအကောင်းပုံစံရောက်ရှိနေတာကြောင့် ခံစစ်ကစားပုံကျဆင်းနေတဲ့ တရုတ်အသင်းဂိုးမပြတ်ဖို့သာ အာရုံစိုက်ရမှာဖြစ်လို့ ဒိန်းမတ်အသင်းပဲ အနိုင်ရသွားမှာပါ။

**ဒိန်းမတ်အမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဒိန်းမတ် | ၂ | - | ၀ | နော်ဝေ |
| ဒိန်းမတ် | ၃ | - | ၂ | ဉရုဂွေး |
| ဆွီဒင် | ၀ | - | ၁ | ဒိန်းမတ် |
| ဒိန်းမတ် | ၁ | - | ၀ | ဂျပန် |
| ဒိန်းမတ် | ၀ | - | ၂ | စပိန် |

**တရုတ်အမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အီတလီ | ၂ | - | ၀ | တရုတ် |
| တရုတ် | ၀ | - | ၅ | ဘရာဇီး |
| တရုတ် | ၄ | - | ၄ | ဇမ်ဘီယာ |
| နယ်သာလန် | ၈ | - | ၂ | တရုတ် |
| ဆွီဒင် | ၄ | - | ၁ | တရုတ် |

**အင်္ဂလန်အသင်းကို အားပေးရမှာပါ**

စနေနေ့ညမှာကစားမဲ့ အမျိုးသမီးကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ အင်္ဂလန်အမျိုးသမီးအသင်းနဲ့ ဟေတီအမျိုးသမီးအသင်းတို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အင်္ဂလန်အမျိုးသမီးအသင်းဟာ ဥရောပဇုန်အသင်းတွေထဲမှာ ခြေစွမ်းပိုင်းအကောင်းဆုံးဖြစ်သလို နည်းပြဝိုင်ဂမန်းလက်ထက်မှာ ယူရိုချန်ပီယံဆုဖလား၊ Arnold Clark ဖလားနှစ်လုံးရယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာလဲ ၁၀ ပွဲစလုံးအနိုင်ရခဲ့ပြီး တိုက်စစ်ပိုင်းက သွင်းဂိုး ၈၀ ထိ သွင်းယူနိုင်ခဲ့သလို ခံစစ်ပိုင်းက ပေးဂိုးမရှိခဲ့ပါဘူး။ လက်ရှိ သူတို့အသင်းကိုတော့ ဥရောပကလပ်အသင်းတွေမှာ ခြေစွမ်းပြနေတဲ့ ကစားသမားတွေနဲ့စုဖွဲ့ထားပြီး တိုက်စစ်ပိုင်းမှာ ရက်ဆို၊ လူးရန့်ဟမ့်၊ ကယ်လီတို့က ဦးဆောင်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အုပ်စု(B)မှာ ခြေစွမ်းပိုင်းနဲ့ ကစားသမားအင်အားအကောင်းဆုံးဖြစ်တာကြောင့် ဒိန်းမတ်၊ တရုတ်၊ ဟေတီတို့လိုအသင်းတွေကိုကျော်ဖြတ်ပြီး အုပ်စုအဆင့်က ကျော်ဖြတ်နိုင်ဖို့ သေချာနေတာကို တွေ့ရမှာပါ။

ဟေတီအမျိုးသမီးအသင်းဟာ ၁၉၉၁ ခုနှစ် ကမ္ဘာ့ဖလား စတင်ကျင်းပချိန်ကတည်းက ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပေမဲ့ အခုနှစ်မှာတော့ ပထမဆုံးခြေစစ်ပွဲအောင်မြင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကွန်ကာကပ်ဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ အမေရိကန်၊ ဂျမေကာ၊ မက္ကဆီကိုတို့နဲ့တွေ့ဆုံခဲ့ပေမဲ့ မက္ကဆီကိုအသင်းကိုအနိုင်ယူပြီး အကောင်းဆုံး တတိယနေရာရခဲ့လို့ ဝင်ခွင့်တစ်နေရာအတွက် Play-off ကစားခဲ့ရတာဖြစ်ပါတယ်။ Play-off ဆီမီးဖိုင်နယ်မှာတော့ ဆီနီဂေါအသင်းကို လေးဂိုး ဂိုးမရှိ၊ ဗိုလ်လုပွဲစဉ်မှာ ချီလီအသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့အနိုင်ရခဲ့ပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ သူတို့အသင်းကိုတော့ နိုင်ငံအတွင်း ကစားသမားအများစုနဲ့သာ စုဖွဲ့ထားတာကြောင့် ကစားသမားအင်အားနည်းပါးပေမဲ့ အသင်းလိုက်ကစားအားကောင်းတာကိုတော့ သတိပြုရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ငါးပွဲမှာတော့ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုး ၁၀ ဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိသူတို့အသင်းဟာ နည်းပြ နီကိုလပ်ဒယ်လီပိုင်းလက်ထက်မှာ တိုက်စစ်ကစားပုံထက်မြက်လာပေမဲ့ ခြေစွမ်းကောင်းတဲ့အသင်းတွေကို ယှဉ်ကစားဖို့တော့ လိုအပ်ချက်တွေရှိနေဆဲဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ကမ္ဘာ့ဖလားဆုဖလားရယူဖို့ ရေပန်းစားနေတဲ့ အင်္ဂလန်လိုအသင်းမျိုးနဲ့ တွေ့ဆုံနေတာကြောင့် ခံစစ်ကစားပုံကိုသာ အားပြုလာမှာဖြစ်ပါတယ်။ ဒါကြောင့် အဘက်ဘက်က သာလွန်နေတဲ့ အင်္ဂလန်အမျိုးသမီးအသင်းကိုပဲ အားပေးရမှာပါ။

**အင်္ဂလန်အမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အင်္ဂလန် | ၂ | - | ၁ | အီတလီ |
| အင်္ဂလန် | ၆ | - | ၁ | ဘယ်လ်ဂျီယံ |
| အင်္ဂလန် | ၁ | - | ၁ | ဘရာဇီး |
| အင်္ဂလန် | ၀ | - | ၂ | နယူးဇီလန် |
| အင်္ဂလန် | ၀ | - | ၀ | ပေါ်တူဂီ |

**ဟေတီအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အမေရိကန် | ၃ | - | ၀ | ဟေတီ |
| ဟေတီ | ၃ | - | ၀ | မက္ကဆီကို |
| ဂျမေကာ | ၄ | - | ၀ | ဟေတီ |
| ဆီနီဂေါ | ၀ | - | ၄ | ဟေတီ |
| ချီလီ | ၁ | - | ၂ | ဟေတီ |

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၂-၆-၂၀၂၃ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၃၁-၇-၂၀၂၃** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည် တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# တရုတ်၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၇၁ သန်းကျော်တန်ဖိုးရှိ ပြောင်းတန်ချိန် ၂၃၀၀၀၀ ကျော် ဇွန်လတွင် တင်ပို့ရောင်းချပေးခဲ့



**နေပြည်တော် ဇူလိုင် ၂၀**

ဇွန်လတွင် တရုတ်၊ ထိုင်းနှင့် ဖိလစ်ပိုင် စသည့်ဖောက်ဈေးကွက်နိုင်ငံ သုံးနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၇၁ သန်း ကျော်တန်ဖိုးရှိ ပြောင်းတန်ချိန် ၂၃၀၀၀၀ ကျော် တင်ပို့ရောင်းချ ပေးခဲ့ရကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ပြောင်းသီးနှံများကို ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ တရုတ်၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ဂျပန် စသည့် ဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးလျက်ရှိရာ ပြီးခဲ့သည့်ဇွန်လအတွင်းတရုတ်၊ ထိုင်းနှင့် ဖိလစ်ပိုင် စသည့်ဖောက်သည်ဈေးကွက်နိုင်ငံ သုံးနိုင်ငံသို့ တင်ပို့ရောင်းချ ပေးခဲ့ရကြောင်း သိရသည်။

ပြီးခဲ့သည့်ဇွန်လတွင် ပြောင်းသီးနှံကို တရုတ်၊ ထိုင်းနှင့်ဖိလစ်ပိုင် စသည့်ဖောက်သည်ဈေးကွက်နိုင်ငံ သုံးနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၁၂၉ သန်း တန်ဖိုးရှိ ပြောင်း ၂၃၁၃၁၆ တန်ထိတင်ပို့ရောင်းချပေးခဲ့ကြောင်း၊ ပြောင်းသီးနှံကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ရောင်းချပေးခဲ့ရာ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၁၆၆ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၀၀၉၉၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၉၆၃ သန်းတန်ဖိုးရှိ ပြောင်း ၁၃၀၁၂၆ တန် တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံဈေးကွက်များသို့ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးခဲ့ပြီး တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြီးခဲ့သည့်ဇွန်လအတွင်း ပြောင်းသီးနှံများကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချပေးရာတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဇွန်လအတွင်း ပြောင်းသီးနှံကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးရာတွင် ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၉၇၀၅၀ နှင့် ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၃၉၄၀ စုစုပေါင်း ပြောင်းတန်ချိန် ၁၀၀၉၉၀ တင်ပို့ရောင်းချ ပေးခဲ့ခြင်းဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံသို့ ပြောင်း ၂၈၆ တန်နှင့် ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၁၃၀၀၄၀ စုစုပေါင်း ပြောင်း ၁၃၀၁၂၆ တန် တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဇွန်လအတွင်း အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၁၂၉ သန်း တန်ဖိုးရှိ ပြောင်း ၂၃၁၃၁၆ တန် တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ပြောင်းများကို နှစ်စဉ် ဖေဖော်ဝါရီလမှ ဩဂုတ်လထိ ဝယ်ယူလေ့ရှိပြီး အဆိုပါကာလအတွင်း ပြောင်းတင်ပို့မှုအတွက် အခွန်ကောက်ခံမှုနှုန်းထားကို သုညရာခိုင်နှုန်းထိ လျှော့ချပေးထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

SKL

# မူဆယ်မြို့နယ်၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မူဆယ် ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်မည့် နောင်လောင်းကျေးရွာအုပ်စု ကောင်းမူးကျေးရွာ၌ VDP မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မူဆယ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်စင်စိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် မူဆယ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်စင်စိုးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြသည်။

မူဆယ်မြို့နယ် ကောင်းမူးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာမှရွေးချယ်ထားသော လုပ်ငန်းများကို ဇူလိုင်လအတွင်း ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မူဆယ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်စင်စိုးထံမှ သိရသည်။

**မျိုးသန်းညွန့်**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။







## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ ဂေါင်းကွဲကျေးရွာတွင်နေထိုင်သော ဒေါ်ပြုံးချို (၉/တတဥ(နိုင်)၀၄၉၂၇၂)ကိုင်ဆောင်သူ၏ သမီးဖြစ်သူ ဒေါ်စိန်ငွေး (ဘ) ဦးတက်စွာ (၉/တတဥ(နိုင်)၀၈၀၆၇၄) ကိုင်ဆောင်သူသည် မိခင်ဖြစ်သူနှင့် ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးသားချင်းတို့အပေါ်၌ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေခြင်းတို့ကို အကြိမ်ကြိမ်ပြုမူပါသောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝသည် ကျွန်မ ဒေါ်ပြုံးချို နှင့် မည်သို့မျှ မသက်ဆိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ပြုံးချို (၉/တတဥ(နိုင်)၀၄၉၂၇၂)**

## ဝန်ထမ်းအလိုရှိသည်

| | | | |
|---|---|---|---|
| (၁) | ကွန်ပျူတာစာရင်းကိုင် | အမျိုးသမီး | (၂) ဦး |
| (၂) | အရောင်းဝန်ထမ်း | အမျိုးသမီး | (၂) ဦး |

**မှတ်ချက်**

အမှတ်စဉ်(၁)အတွက် Excel / Pagemaker ကျွမ်းကျင်စွာလုပ်ကိုင်နိုင်ရမည်။
အမှတ်စဉ်(၂)အတွက် အရောင်းအတွေ့အကြုံရှိရမည်။
အမှတ်စဉ်အားလုံးအတွက် ဆက်ဆံရေးပြေပြစ်ပြီး ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံတတ်ရမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၁)ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ CV Form နှင့်တကွ (၅)ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**မိုးဟိန်းထက် ဓါတ်ပစ္စည်းရောင်းဝယ်ရေး**

၇၃လမ်း၊ ၈လမ်း× ၉လမ်းကြား၊ Ph/ 09-253077766

## ဝန်ထမ်းအလိုရှိသည်

(1) နေ့စားဝန်ထမ်း အမျိုးသား (၅)ဦး

- အမှတ်စဉ် (1)အတွက် အကျင့်စာရိတ္တကောင်းမွန်၍ စကားပြောဆိုပြေပြစ်ရမည်။ အလုပ်ကို အမှန်တကယ် စိတ်ပါဝင်စားသူဖြစ်ရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။ စိတ်ပါဝင်စားပါက CV Form, အိမ်ထောင်စုဇယားမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ပတ်(စ်)ပို့ပုံ (2)ပုံနှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

* အိမ်နေ/အိမ်စားများလည်း လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်/ အမှတ် 14, 85, 28×29 ကြား၊ မန္တလေးမြို့။

02-4065540, 09-5079087

### ပျောက်ဆုံးကြောင်း

မတ္တရာမြို့နယ်၊ အိုင်ဒိုင်ကျေးရွာနေ ဦးဓမ္မတိကျွ (ဘ) ဦးချစ်တင် (၉/မနတ(သ)၀၁၁၃၁၅) ၏ နိုင်ငံကူးလက်မှတ်အမှတ် (M-914571) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၄၀၈၁၃၉၆၉

### ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်နေ နွယ်နွယ်(ဘ)ဦးအောင်ကျော် (၉/ပသက(နိုင်)၀၃၇၅၆၀) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-601565) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၂၄၅၀၉၁၇

### ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့နေ မျိုးမင်းကျော်(ဘ) ဦးနေမျိုးလင်း(၉/မကန(နိုင်)၁၅၀၄၁၆) ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-317194) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၅၁၂၈၈၆၀

သင့်သွေးဖြင့် အသက်ကယ်ပါ

### ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်နေ လှလှတင့်(ဘ) ဦးချစ်ဖေ (၉/မနမ(နိုင်)၀၂၇၀၀၄) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-601508) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၂၀၁၇၇၅၈

သစ်ပင်စိုက်မှအရိပ်ရ၏ ရိပ်ခိုနားနေအပန်းပြေ၏

### အမည်ပြောင်း

မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ MIA ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-2 မှ ဦးဝေဖြိုးအောင်-ဒေါ်ယဉ်ယဉ်မိုး တို့၏သမီး မရွှေရည်ဖြိုးဝေ အား မရတီပြည့်လျှံ ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မရတီပြည့်လျှံ**

### ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ အကွက်(၇၀၃)၊ မောရဂီဝါရပ်ကွက်နေ အောင်ကျော်လတ် (ဘ) ဦးဝမ်းရှင်ဖြင့်(ခ)ဝမ်ရှင်ဖျင် (၉/အမရ(နိုင်)၀၅၆၄၁၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-805487) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၉၀၂၆၆၃၄

စာအုပ်စာပေ လူ့မိတ်ဆွေ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာကျင့်သုံးရေး။
(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ် ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာ ရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်စီးပွားရေး တစ်နည်းအားဖြင့် စိုက်ပျိုးမွေးမြူ ရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လို...
❖ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုး တက်လာမည်ဆိုပါက ဝယ်လိုအားတက်လာမည်ဖြစ်...
❖ ငွေကြေးလည်ပတ်မှုများကောင်းမွန်လာပြီး ကုန်ထုတ် လုပ်မှုများ တိုးတက်လာမည်ဖြစ်ကာ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...
❖ MSME လုပ်ငန်းများကို ပြည်တွင်းစီးပွားရေးကို အားပေးရန်၊ ပြည်ပသွင်းကုန်အစားထိုးရန်နှင့် ပြည်ပ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေးအတွက် အားပေး ဆောင်ရွက်နေခြင်းဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၃ရက် တွင် ပြုလုပ်သော ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊အငယ်စား နှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြား မှုမှ ကောက်နုတ်ချက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး



**နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးစဉ်။**

**နေပြည်တော် ဇူလိုင် ၂၀**
နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake Viewဟိုတယ်၌ ကျင်းပ ပြုလုပ်ရာ **စာမျက်နှာ ၂၀ ကော်လံ ၁☆**

